# မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေး

မြန်မာနိုင်ငံအစီရင်ခံစာ၊ နိုဝင်ဘာလ ၂၀၁၈ ခုနှစ်



ထပ်ဆင့်ပေါက်ကွဲစေသောစစ်လက်နက်ပစ္စည်းများစောင့်ကြည့်
လေ့လာရေး ၂၀၁၈ခုနှစ် မြန်မာနိုင်ငံအစီရင်ခံစာပါဝင်သည်။

LANDMINE & CLUSTER MUNITION MONITOR

## အစီရင်ခံစာအကြောင်း

**မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများစောင့် ကြည့်လေ့လာရေးအဖွဲ့သည်** မြေမြှုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်းဆိုင်ရာ နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့နှင့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အသုံးပြုတားမြစ်ပိတ်ပင်ခြင်း ညွန့်ပေါင်း အဖွဲ့အတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်ပေးသည်။ မြေမြှုပ်မိုင်း အသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း နိုင်ငံတကာ စည်းရုံးလှုံ့ဆော်ရေးအဖွဲ့ (ICBL)အား ကမ္ဘာ့အဝှမ်းလူသတ်မိုင်းများ ရှင်းလင်း ပပျောက်ရေးအတွက် ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည်။ ICBL သည်နိုင်ငံပေါင်း(၇၀) နိုင်ငံတွင် ရှိသော အစိုးရမဟုတ်သော အဖွဲ့အစည်း ပေါင်း ၁၃၀၀ ကျော် ပါဝင်သော ကွန်ယက်တခုဖြစ်သည်။ ၁၉၉၇ခုနှစ်တွင် ငြိမ်းချမ်းရေး နိုဘယ်လ် ဆုရခဲ့သည်။ ထပ်ဆင့် ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများ အသုံးပြုမှုတားမြစ် ပိတ်ပင်ခြင်း ညွန့်ပေါင်းအဖွဲ့သည် ထပ်ဆင့်ပေါက်ကွဲ လက်နက်များ ဖျက်သိမ်းပေးရန်၊ ယင်းလက်နက်ကြောင့် နောက်ဆက်တွဲထိခိုက်သေကြေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး အတွက် ကာကွယ်ဟန့်တားရန်နှင့် ထိုလက်နက် များကြောင့် အတိ ဒုက္ခရောက်မှုများကို ထာဝရ အဆုံးသတ်စေရန် စသည်တို့ အတွက် ရည်ရွယ်ကြိုးပမ်း ဆောင်ရွက်နေသော နိုင်ငံတကာ စည်းရုံး လှုံ့ဆော်ရေး အဖွဲ့ကြီး ဖြစ်သည်။

မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ၁၉၉၇ခုနှစ် အိုတာဝါ သဘောတူစာချုပ် သို့မဟုတ် မိုင်းအသုံးပြုမှုပိတ်ပင် တားမြစ်ခြင်း သဘောတူစာချုပ်အား အကောင်အထည်ဖော်ခြင်းနှင့် ပတ်သက်၍ မှတ်တမ်းတင်သည်။ ထို့အပြင် ထပ်ဆင့်ပေါက်ကွဲ စေသော လက်နက်ပစ္စည်းများ စောင့်ကြည့်လေ့လာရေးအဖွဲ့ သည် ၂၀၀၈ခုနှစ်ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများဆိုင်ရာ သဘောတူချုပ် အကောင်အထည်ဖော်မှုကို မှတ်တမ်းတင်သည်။ ၎င်းနှစ်ဖွဲ့စလုံးသည် ယင်းလက်နက်များကြောင့် ဖြစ်ပေါ်လာသည့် အကြပ်အတည်းများအပေါ် နိုင်ငံတကာအသိုင်းအဝန်းက တုန့်ပြန် ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လည်း စောင့်ကြည့်လေ့လာသည်။

၂၀၁၈ခုနှစ် နိုဝင်ဘာလ (၁)ရက်နေ့အထိ ကမ္ဘာ့အစိုးရစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်းဖြစ်သော နိုင်ငံပေါင်း ၁၆၂ နိုင်ငံက မြေမြှုပ်မိုင်း အသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်အား သဘောတူလက်ခံခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများပြုလုပ်ခဲ့သည်။ နိုင်ငံပေါင်း ၁၂၀ နိုင်ငံက ထပ်ဆင့် ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုတာမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်း (သို့မဟုတ်) လက်ခံကျင့်သုံးခြင်းများများပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် စာချုပ်နှစ်ခုစလုံးအား လက်မှတ်ရေး ထိုးခြင်း မပြုသေးပေ။

မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် စာချုပ်ပါ အချက်များ မှန်ကန်ခြင်း ရှိမရှိ စစ်ဆေးသောအဖွဲ့မဟုတ်သကဲ့သို့ တရားဝင်စုံစမ်းစစ်ဆေးရေး အဖွဲ့လည်းမဟုတ်ပေ။ သက်ဆိုင်ရာအစိုးရများသည် လူသတ်မိုင်း ဆန့်ကျင် တိုက်ဖျက်ရေးတာဝန်ရှိမှုအပေါ် လိုက်နာဆောင်ရွက်ခြင်းရှိမရှိ လေ့လာသော သာမန်ပြည်သူများ၏ အားထုတ်ချက်တခုသာ ဖြစ်သည်။ စာချုပ်အားလက်မှတ်ရေးထိုးထားသော တိုင်းပြည်များအနေဖြင့် အစီရင်ခံ တင်ပြခြင်းစည်းကမ်းအား လိုက်နာလာစေရန် ရည်ရွယ်ခြင်း လည်း ဖြစ်သည်။ မိမိတို့ အစီရင်ခံစာသည် မြေမြှုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ ပြဿနာ၏ အခြေအနေကို ပိုမိုထင်သာ မြင်သာဖြစ်လာစေရန်၊ လက်မှတ်ရေး ထိုးထားခြင်းမရှိသေးသော အစိုးရ၏မူဝါဒများ (သို့မဟုတ်)လုပ်ဟန်များကို ပိုမိုသိရှိ လာစေရန် အတွက် ရည်ရွယ်သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် မြေမြှုပ်မိုင်းကင်းစင်သော ကမ္ဘာကြီး ဖြစ်လာစေရေး ရည်မှန်းချက် အထမြောက် အောင်မြင်စေရန်အတွက် လူ့အဖွဲ့အစည်းအတွင်းပိုမိုသိရှိ နားလည်လာစေရန်နှင့် ဆွေးနွေးမှုများ ပိုရှိ လာစေရန် ရည်ရွယ်သည်။

မြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာကြီးတခုလုံး အကျိုးဖြစ်ထွန်း စေလိုသည့် အလို့ငှာ ၎င်းစောင့်ကြည့်လေ့လာသော ကိစ္စရပ်နှင့်ပတ်သက်၍ မှန်ကန်သော သတင်း အချက်အလက်များအတွက်သာ ဦးတည် လုပ်ဆောင်သည်။ ၎င်းမှတ်တမ်းများနှင့်သုံးသပ်ချက်များသည် အရေးကြီးသကဲ့သို့ အပြုသဘောဆောင်သော တင်ပြချက်များ သာဖြစ်သည်။

၂၀၁၈ခုနှစ်မြန်မာနိုင်ငံဆိုင်ရာမြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေး သုတေသီသည် ယက်စ်ဟူဟွာ မိုဆာ-ပူအန်စူဝမ် (Yeshua Moser-Puangsuwan) ဖြစ်သည်။ နှစ်စဉ် အစီရင်ခံစာအတွက် သတင်းအချက်အလက်များ ပေးပို့ကြသည့် အဖွဲ့အစည်းအားလုံး နှင့် ပုဂ္ဂိုလ်တဦးချင်းစီအား ကျေးဇူးအထူးတင်သကဲ့သို့ အစီရင်ခံစာဖြစ်မြောက်ရေးအတွက် ပံ့ပိုး ကူညီမှုများကိုလည်း အထူးအသိအမှတ်ပြုပါသည်။ ယခုအကြောင်းအရာများနှင့်ပတ်သက်၍မှတ်တမ်းများပိုမိုတိကျစေရန် ပါဝင်ကူညီမှုများ ပြုလုပ်ပေးကြရန် အတွက်လည်း တောင်းဆိုလိုက်ပါသည်။ burma@icblcmc.org သို့ဆက်သွယ်နိုင်ပါသည်။ အစီရင်ခံစာပါ သတင်း အချက်အလက် များနှင့်ပတ်သက်၍ ပြင်ဆင်ချက်များရှိပါက monitor@icblcmc.org သို့စာရေးသား ဆက်သွယ်နိုင်ပါသည်။

ယခုမြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာပုံနှိပ်ခြင်းအတွက်ငွေကြေးအားဖြင့်ရက်ရက်ရောရောကူညီထောက်ပံ့ပေးသောနော်ဝေပြည်သူများ အကူအညီ (NPA) ကို ကျေးဇူးအထူးတင်ပါသည်။

မျက်နှာဖုံးဓါတ်ပုံ။ ကရင်ပြည်နယ်တောင်ပေါ်တွင် မြစ်ချိုးသွားရင်းမြေမြှုပ်မိုင်းနင်းမိသော မစန်းစန်းမော်ဖြစ်သည်။ သူမသည်ကော့ကရိတ်မြို့VAC (ထိခိုက်နစ်နာသူများအကူအညီပေးရေးဌာန)တွင် စေတနာ့ဝန်ထမ်းအဖြစ်ဆောင်ရွက်ကာ မြို့နယ်အတွင်း မြေမြှုပ်မိုင်းကြောင့် ထိခိုက်နစ်နာခဲ့ရသူများ၊ တခြားမသန်စွမ်းပြည်သူများအတွက် ကူညီပေးနေသည်။ ခြေတုလက်တုအသေးစား ပြင်ဆင်ခြင်းသင်တန်းတက်မြောက်ထားသူလည်းဖြစ်သည့် အပြင်ထိခိုက်နစ်နာသူများ အကြား စိတ်ပိုင်းဆိုင်ရာ ဖြေသိမ့်ဆွေးနွေး မှုများ ပေးခြင်း၊လူမှုအသိုင်းအဝန်း အခြေပြုပြန်လည်ပြုစုပျိုးထောင်ရေး လုပ်ငန်းများ အတွက်လည်း ပြန်လည် ပြုစု ပျိုးထောင်ရေး အဖွဲ့ငယ်များကို သူမ ပံ့ပိုးကူညီပေးသည်။

၁၉၉၇ခုနှစ်နိုလ်ဘယ်ငြိမ်းချမ်းရေးပူးတွဲဆုရှင်

ဓါတ်ပုံ @ မိမိခိုင်/HI(Humanity & Includsion- Handicap International ၏ အမည်သစ်ဖြစ်သည်။)

**မြန်မာနိုင်ငံမြေမြှုပ်မိုင်းနှင့်ထပ်ဆင့်ပေါက်ကွဲစေသောလက်နက်ပစ္စည်းများစောင့်ကြည့်လေ့လာရေးအဖွဲ့**

**www.the-monitor.org | www.burma.icbl.org**

## မူဝါဒ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူ စာချုပ်ကို သဘောတူလက်ခံထားသော နိုင်ငံတနိုင်ငံမဟုတ်ပေ။[1]

မြန်မာနိုင်ငံသည် မြေမြုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်း သဘောတူ စာချုပ်ကိုထောက်ခံကြောင်း အချိန်အခါ သင့် သလို ဖေါ်ပြပြောဆိုသော်လည်း လက်ခံကျင့်သုံးရန်အတွက် တစုံတရာ ဆောင်ရွက်ခြင်း မရှိသေးပေ။ ကမ္ဘာ့ကုလသမဂ္ဂ နှင့် တခြားနိုင်ငံတကာအဖွဲ့အစည်းများက သက်သေများနှင့် ထောက်ပြသော်လည်း ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အတွင်း မြန်မာနိုင်ငံက အစိုးရတပ်များသည် လူသတ်မိုင်းအသုံးပြုခြင်းဟူသော အစီရင်ခံစာများနှင့်ပတ်သက်၍ ဆက်လက်ပယ်ချနေဆဲဖြစ်သည်။ (အောက်ပါအခန်းကိုရှု)

၂၀၁၈ ခုနှစ် ဖွန်လတွင် ကာကွယ်ရေးဝန်ကြီးဌာနအရာရှိတစ်ဦးက နိုင်ငံတကာမြေမြုပ်မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ရေးအဖွဲ့ (ICBL) က အဓိကသက်ဆိုင်သောအဖွဲ့အစည်းများ အထူးသဖြင့် တပ်မတော်သည် မိုင်း အသုံးပြုမှုတားမြစ်ပိတ်ပင်တာဆီးခြင်း သဘောတူစာချုပ်တွင် မြန်မာနိုင်ငံပါဝင်ရန် ဖြစ်နိုင်ချေများကို ပြန်လည်သုံးသပ် နေသည်ဟု ပြောဆိုခဲ့သည်။[2]

၂၀၁၈ ခုနှစ် မေလနှောင်းပိုင်းတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဦးကျော်တင်က သဘောတူစာချုပ်၏ အထူးသံတမန်ဖြစ်သော ဂျော်ဒန် တော်ဝင်မင်းသား မီရာ ရိဒ် ဇီယ်ဒ် အယ် ဟူစိန်ကို အဖွဲ့အစည်းအားလုံးက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ကို အောင်မြင်စွာ အကောင်အထည်ဖေါ်ပြီးသည့်နောက်တွင် မြန်မာနိုင်ငံသည် စာချုပ်အဖွဲ့ဝင်အဖြစ် ပါဝင်ရန် စဉ်းစားပါမည်ဟု ပြောဆိုခဲ့သည်။[3] တော်ဝင်မင်းသား မီရာသည် သုံးရက်တာ မြန်မာနိုင်ငံ တရားဝင်ခရီးအတွင်း အစိုးရ အရာရှိများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်အတူ သဘောတူစာချုပ်နှင့်ပတ်သက်၍ ဆွေးနွေးပြောဆိုမှုများ ပြုခဲ့သည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက "၎င်းသည် စာချုပ်ပါ သဘောတရားများကို ထောက်ခံပါကြောင်း" မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်သို့ ပြောဆိုခဲ့သည်။ သဘောတူစာချုပ်သည် "လူသတ်မိုင်းကြောင့်ဖြစ်ပေါ်ရသော ဒုက္ခဝေဒနာများ နှင့် ထိခိုက်ဒဏ်ရာရမှုများ အဆုံးသတ်ရန် မရှိမဖြစ် အရေးပါသော အခြေခံ အုတ်မြစ်တစ်ခုဖြစ်ပါကြောင်း" ပြောဆိုခဲ့သည်။[4] ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ဩစတီးယားနိုင်ငံ၊ ဗီယက်နာမြို့တွင် ကျင်းပသော မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်၏ ၁၆ ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာနိုင်ငံ ကိုယ်စားလှယ် သံအမတ်ကြီး ဦးစောလွင်သည် လေ့လာသူအဖြစ် တက်ရောက်ခဲ့ပြီး "သဘောတူစာချုပ် လုပ်ငန်းများအတွင်း ကျွန်ုပ်တို့၏ အဓိက စိတ်ဝင်စားချက်များ" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့သည်။ "တပ်မတော်သည် ပြည်တွင်း ပဋိပက္ခတွင် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခြင်းအားဖြင့် မြေမြုပ်မိုင်းများ ဆက်လက်အသုံးပြုခြင်း မရှိတော့ ကြောင်း" သူက အခိုင်အမာ ပြောဆိုခဲ့သည်။[5] ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင်း ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံက ၎င်း၏ သက်ဆိုင်ရာ အရာရှိများသည် အနာဂါတ်တွင် သဘောတူစာချုပ်တွင်

---

[1] ယခင်က ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်သည်။ ယခင် စစ်အစိုးရလက်ထပ်တွင် Burma မှ Myanmar သို့ ပြောင်းလဲ သတ်မှတ်ခဲ့သည်။ တိုင်းရင်းသားအဖွဲ့အစည်းအများစု နှင့် နိုင်ငံအများစုက Burma ဟူ၍သာ ဆက်လက်ခေါ်ဝေါ်သုံးစွဲလိုကြသည်။ ပြည်နယ်နှင့်တိုင်းများ၏ အမည်များကို ယခင်မူရင်း အတိုင်းခေါ်ဝေါ်ကြသလို အာဏာရ ပြည်ခိုင်ဖြိုး အစိုးရက အသံထွက်အတိုင်းခေါ်ဆိုသည့် အသုံးအနှုန်းကိုလည်း ကွင်းစ ကွင်းပိတ်နှင့် ဖေါ်ပြသုံးစွဲမှုမျိုး လည်း ရှိသည်။ ဥပမာ ကရင်နီ (ကယား) ပြည်နယ်ဟူ၍ ဖြစ်သည်။ ၂၀၀၉ ခုနှစ်မှစ၍ မြေမြုပ်မိုင်းနှင့် ထပ်ဆင့်ပေါက်ကွဲ လက်နက်များ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသတင်းစီမံခန့်ခွဲမှုအဖွဲ့ (MIMU) က အသုံးပြုသည့် အမည်များအတိုင်း မြို့နယ် အမည်များကို စတင်အသုံးပြုသည်။ ပိုမိုသိရှိလိုပါက www.themimu.info တွင်ကြည့်ပါ။ MINU website.

[2] ICBL Landmine Monitor meeting with Col. Min Htike Hein, Deputy Permanent Secretary for the Minister of Defense, Ministry of Defense, Naypyitaw, 29 June 2018.

[3] "Union Minister for International Cooperation U Kyaw Tin receives Prince Mired Ra'ad Al-Hussein, Special Envoy of the Convention on the Prohibition of the Use, Stockpiling, Production and Transfer of Anti-Personnel Mines and on Their Destruction (Ottawa Convention)," *Global New Light of Myanmar*, 30 May 2018; and Anti-Personnel Mine Ban Convention, "Mine Ban Convention Special Envoy to visit Myanmar," Press Release, 24 May 2018.

[4] Statement of Myanmar, Mine Ban Treaty Sixteenth Meeting of States Parties, Vienna, 21 December 2017.

[5] Ibid.

မြန်မာနိုင်ငံပါဝင်မည်ဟူသော ရည်ရွယ်ချက်ဖြင့် မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်ပါ အချက်များကို ပိုမိုနားလည်မှုရှိရန် ပြန်လည်သုံးသပ်မှုများ ပြုလုပ်နေသည်ဟု တင်ပြခဲ့သည်။[6] မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်သည် " လူသားချင်းဆိုင်ရာမလုံခြုံမှုနှင့် ဆိုးဝါးသော လူသားချင်းဆိုင်ရာသတ်ရောက်မှုများကို ဖြစ်စေနိုင်သော မြေမြုပ်မိုင်းများ အရမ်းကာရောအသုံးပြုခြင်း" ကို တားမြစ် သည်ဟု မြန်မာနိုင်ငံ၏ တင်ပြချက်တွင် ပါဝင်သည်။7 သို့သော် သဘောစာချုပသည် မည်သည့်အခြေအနေတွင် မဆို မည်သူတစ်ဦးတစ်ယောက်က လူသတ်မိုင်းအသုံးပြုခြင်းကို တားမြစ်သည်။

၂၀၁၇ ခုနှစ် ဇွန်လတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နှင့် ကာကွယ်ရေးဝန်ကြီးဌာန အရာရှိများက ICBL ကို အစိုးရသည် မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်တွင် သဘောတူပါဝင်ရန် အရေးတယူစဉ်းစားခဲ့ကြောင်း၊ သို့သော် လည်း မြန်မာနိုင်ငံသည် မည်သည့်အချိန်တွင် ပါဝင်မည်ဆိုသည့် ခန့်မှန်းချေအချိန်ကိုတော့ ပြောဆိုနိုင်ခြင်းမရှိဟု ပြောကြားခဲ့သည်။ [8]

၂၀၁၈ ခုနှစ် ဧပြီလ ၄ ရက်နေ့ နိုင်ငံတကာ မိုင်းအရေးဆောင်ရွက်မှုနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂကိုယ်စားလှယ် သံအမတ် ကရစ်စ္စတင်း စမစ်က " အစိုးရ၊တပ်မတော် နှင့် တိုင်းရင်းသားအစုအဖွဲ့" အစုအဖွဲ့ အားလုံး သည် တိုင်းပြည်အတွက် မှန်ကန်သောလုပ်ရပ်ကို လုပ်ဆောင်ရန်လိုအပ်ကြောင်း၊နောင်မျိုးဆက်အတွက်ညီညွတ်ရေး၊ငြိမ်းချမ်းရေး၊ တရားမျှတမှု ဖေါ်ဆောင်ရေး ဖေါ်ဆောင်ရန်လိုအပ်ကြောင်း တောင်းဆိုခဲ့သည်။ ထိုသို့ ဖေါ်ဆောင်ရန်အတွက် မိုင်းထောင်ခြင်းများရပ်တန့်ပြီး၊ တားမစ်ပိတ်ပင်ရမည်။ ငြိမ်းချမ်းသော၊ သာယာချမ်းမြေ့သော အနာဂါတ် တစ်ခုအတွက် မိုင်းများ စတင်ရှင်းလင်းကြပါစို့။" ဟု သံအမတ်ကြီးက တောင်းဆိုခဲ့သည်။[9]

UNICEF၊ လူမှုဖူလုံရေးနှင့် ပြန်လည်ထူထောင်ရေးဝန်ကြီးဌာန နှင့် အမျိုးသားအဆင့် မိုင်းအန္တရာယ်လျော့ချရေး လုပ်ငန်းအဖွဲ့ တို့က နေပြည်တော်တွင် စီစဉ်ကျင်းပသော အခမ်းအနားတစ်ခုတွင် အထက်ပါအတိုင်း သံအမတ်ကြီးစမတ်သည် ပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုအခမ်းအနားတွင် UNICEF ကလည်း မြန်မာနိုင်ငံအစိုးရကို မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်တွင် ပါဝင်ရန် တောင်းဆိုခဲ့သည်။[10] ၂၀၁၇ ဒီဇင်ဘာလ ၄ ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက် ၇၂/၅၃ တွင် မြန်မာနိုင်ငံက မဲမပေး ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။ ထိုဆုံးဖြတ်ချက်က မြေမြုပ်မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်ကို ကမ္ဘာအဝှမ်းလွှမ်းခြုံရေးအတွက် တောင်းဆိုခဲ့သည်။ ၁၉၉၇ ခုနှစ်မှစ၍ မြေမြုပ်မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကို ထောက်ခံသော အထွေထွေညီလာခံ နှစ်စဉ်ဆုံးဖြတ်ချက်အားလုံးကို မြန်မာနိုင်ငံက မဲမပေး ကြားနေ နိုင်ငံအဖြစ် ရပ်တည်လာခံသည်။[11]

မြန်မာနိုင်ငံသည် မြေမြုပ်မိုင်း အသုံးပြုမှုတားဆီးပိတ်ပင်ခြင်း သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးများသို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့သည်။ နောက်ဆုံးတက်ခဲ့သည့်အစည်းအဝေးမှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ဖြစ်သည်။ မြန်မာနိုင်ငံသည် မိုင်းအသုံးပြုမှုပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ် ပြန်လည်သုံးသပ်ခြင်း ညီလာခံသို့ တကြိမ်မှ တက်ရောက်ခဲ့ ဖူးခြင်းမရှိပေ။[12] မြန်မာနိုင်ငံသည် ၂၀၁၃၊ ၂၀၁၄ နှင့် ၂၀၁၆ ခုနှစ် မေလ ဂျနီဗာတွင် ကျင်းပသော ကဏ္ဍစုံ အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း မြေမြုပ်မိုင်းအခြေအနေနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ကိုယ်စားလှယ်က သီးခြား ICBL အစည်းအဝေးတွင် ရှင်းလင်းပြောပြခဲ့သည်။

---

[6] Myanmar, Explanation of Vote on Resolution L.40, 72nd Session, UNGA First Committee, New York, 31 October 2017, UNGA, Official Records, A/C.1/72/PV26, pp. 18–19/29.

[7] Ibid.

[8] Landmine Monitor meetings with Kyaw Moe Tun, Director of International Organizations, Ministry of Foreign Affairs, Naypyitaw, 26 June 2017; and with Lt. Col. Myo Win Aung, Judge Advocate General's office, Ministry of Defense, Naypyitaw, 26 June 2017. In July 2012, then Minister of Foreign Affairs, U Wunna Maung Lwin, stated that Myanmar was considering acceding to the Mine Ban Treaty. Press Release, "Myanmar seriously considering landmine treaty as part of its state reforms," Mine Ban Treaty Implementation Support Unit (ISU), 12 July 2012.

[9] "EU ambassador calls on Myanmar to take action against anti-personnel use," *EFE*, 4 April 2018.

[10] UNICEF, "Landmines and explosive remnants of war threaten children and communities across Myanmar," Press Release, 4 April 2018.

[11] ၁၉၉၆ ခုနှစ်တွင် မြန်မာနိုင်ငံသည် လူသတ်မြေမြုပ်မိုင်းများ တားမြစ်ပိတ်ပင်ခြင်း နိုင်ငံတကာသဘောတူစာချုပ်တစ်ခုကို အစိုးရများက အရယူရန် တောင်းဆိုသော UNGA ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက ထောက်ခံမဲပေးခဲ့သည်။

[12] Myanmar previously attended Mine Ban Treaty Meetings of States Parties in 2003, 2006, and 2011–2013. It did not participate in the Mine Ban Treaty Review Conference held 2004, 2009, or 2014.

၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံ မိုင်းကင်းစင်ရေးအဖွဲ့ [13] (၂၀၀၃ ခုနှစ်တွင် ICBL က လူသတ်မိုင်းအသုံးပြု ရပ်တန့်ခြင်းအတွက် တောင်းဆိုမှုအပါအဝင် မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းအသုံးပြုမှုပိတ်ပင်ခြင်းကို မြှင့်တင်ရန်အတွက် စတင်ခဲ့သော လှုပ်ရှားမှုတစ်ခု) မြန်မာနိုင်ငံဆိုင်ရာ ၂၀၁၇ခုနှစ် မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်ရေး အစီရင်ခံစာ ထုတ်ဝေမှု သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ပြီး ကမ္ဘာ့ကုလသမဂ္ဂအေဂျင်စီများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှတဆင့် မြန်မာဘာသာဖြင့် ပြန်ဆိုပေးထားသော အစီရင်ခံစာ စာအုပ် ၁၅၀၀ ကို ဖြန့်ချိခဲ့သည်။[14] ၂၀၁၈ ခုနှစ် ဇွန်လတွင် မြေမြှုပ်မိုင်း စောင့်ကြည့် လေ့လာရေး အဖွဲ့ နှင့် ကမ္ဘာ့ကုလသမဂ္ဂသည် မြန်မာနိုင်ငံ အတွင်း မြေမြှုပ်မိုင်းအသုံးပြုမှု သတ်ရောက်မှုရှိသော သတင်းပုံကားချပ်တစ်ခု ထုတ်ဝေခဲ့ သည်။[15]

## ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်းနှင့်လွှဲပြောင်းခြင်း

ပဲခူးတိုင်းအနောက်ဖက်ခြမ်း၊ ညောင်ခြေထောက်ရှိ နိုင်ငံပိုင်စက်မှုလုပ်ငန်းတခုဖြစ်သော မြန်မာ့ကာကွယ်ရေး နှင့် စစ်ပစ္စည်းထုတ်လုပ်ရေးစက်ရုံများ (ကပစ) သည် မိုင်းရှာစက်ကိရိယာဖြင့် ရှာဖွေ၍ မရသော အစိတ်အပိုင်းများအပါအဝင် ဖြန့်ထွက် လူသတ်မိုင်းနှင့် နင်းမိုင်းများ ထုတ်လုပ်သည်။16 ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံ အာဏာပိုင် များသည် ၎င်းတို့သိုလှောင်သိမ်းဆည်းထားသော လူသတ်မိုင်းအရေအတွက်၊ အမျိုးအစားနှင့်ပတ်သက်သော သတင်း အချက်အလက်များ ထုတ်ပြန်ခြင်းမရှိသော်လည်း ဆက်လက် ထုတ်လုပ်နေကြောင်း အတည်ပြု ပြောကြားသည်။17

ပြည်တွင်းထုတ်လုပ်မှုအပြင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ အီတလီနိုင်ငံ၊ ဆိုဗီယက် ပြည်ထောင်စု၊ အမေရိကန် ပြည်ထောင်စုနှင့် တခြားအမည်မသိ စစ်လက်နက် ပစ္စည်းထုတ်လုပ်သည့် နိုင်ငံများမှလည်း လူသတ်မိုင်းများ ဝယ်ယူ အသုံးပြုမှု ရှိသည်ဟု မြေမြှုပ်မိုင်း အသုံးပြုမှု စောင့်ကြည့်လေ့လာရေးအဖွဲ့က အစီရင်ခံတင်ပြခဲ့ဖူးသည်။18
အစိုးရလက်ဝယ်တွင် ရှိသော လူသတ်မိုင်းအမျိုးအစား သို့မဟုတ် အရည်အတွက် နှင့်ပတ်သက်၍ တရားဝင် ထုတ်ပြန်သော သတင်းအချက်အလက်မရှိပေ။ သို့သော် မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းများစွာ သိုလှောင်ထား သော နိုင်ငံတစ်နိုင်ငံဖြစ်သည်ဟု ယုံကြည်ရသည်။

မြန်မာနိုင်ငံသည် လူသတ်မိုင်းများ နိုင်ငံခြားတင်ပို့ ရောင်းချသည့် နိုင်ငံတခုအဖြစ် သတ်မှတ်ခံ ထားရခြင်းမရှိချေ။ [19]

---

[13] The ICBL initiative was initially known as "Halt Mine Use in Burma/Myanmar." See, Mine-Free Myanmar website.

[14] "2017 Myanmar/Burma Country Report released at Yangon Press Conference," 11 January 2018. Audio recording of the press conference.

[15] "Townships with Known Landmine Contamination (2017) and Casualties in Myanmar (as of Dec 2016)," United Nations Myanmar Information Management Unit (MIMU), 30 May 2018. Infographic provides a 11-year overview of data from the Landmine Monitor (2007–2017). In 2018, the infographic was also available in Burmese language for the first time. MIMU reported to the Landmine Monitor that the landmine infographic has been one of their most requested products.

[16] မြန်မာနိုင်ငံသည် တရုတ်နိုင်ငံလုပ် Type – 59 တိုက်မိုင်းအမျိုးအစားကို ပုံတူကူးချထားသော MM1 မိုင်းနှင့် တရုတ်လုပ် Type -58 အမျိုးအစား ရှေ့ထွက်မိုင်း MM2 အပြင် အမေရိကန်လုပ် M14 ပလစ်စတစ်မိုင်းများလည်း တုပထုတ်လုပ်သည်။

[17] ထူးသန့် ။"တပ်မတော်ကရင်းသည်မြေမြှုပ်မိုင်းကို ဖြစ်နိုင်သမျှအနည်းဆုံးအသုံးပြုနေသည်ဟုအခိုင်အမာပြောကြား။ မြန်မာတိုင်းမ်စ်။ ၁၃ စက်တင်ဘာ ၂၀၁၆။

[18] Landmine Monitor Report 2004 ကိုကြည့်ပါ။ p. 938. မိုင်းအမျိုးအစားများတွင် တရုတ်လုပ် Type-58-59-69-72A။ ဆိုဗီယက်လုပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိပ် POMZ-2, POMZ-2M, PMN, PMD-6, US M14, M16A1, M18 နှင့် အိန္ဒိယနှင့် ဗြိတိန်လုပ် LTM-73, LTM-76

[19] ၁၉၉၉ ခုနှစ်တွင် ကုလသမဂ္ဂမြန်မာနိုင်ငံကိုယ်စားလှယ်က မြန်မာနိုင်ငံသည် လူသတ်မိုင်းများ ပြည်ပသို့ရောင်းချတင်ပို့ခြင်း တားမြစ်ချက်ကို ထောက်ခံကြောင်း၊ သို့သော် တရားဝင်ရပ်ဆိုင်းခြင်း (သို့မဟုတ်) ပြည်ပပို့ကုန်တားမြစ်ခြင်းနှင့်ပတ်သက်၍ တစုံတရာ လူသိရှင်ကြား ထုတ်ဖော်ခြင်း မရှိပေ။ Landmine Monitor Report 2000။ စာ ၄၆၉ ကိုကြည့်။

### *အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့ များ၏ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်း နှင့် သိုလှောင်ခြင်း*

KIA, KNLA, DKBA, ကရင်နီတပ်မတော် နှင့် ဝ အမျိုးသားသွေးစည်းညီညွတ်ရေးတပ်မတော် အပါအဝင် မြန်မာနိုင်ငံ အတွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း (NSAG) များစွာသည် လူသတ်မိုင်းများ ထုတ်လုပ်သည်။

အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် ဒေသတွင်းရရှိသော ကုန်ကြမ်းများဖြင့် ထပ်ဆင့်ပေါက်ကွဲမိုင်းများ ထုတ်လုပ်သည်။ ထိုမိုင်းများကို လက်လုပ်မိုင်းများဟုလည်း ခေါ်သည်။ လက်လုပ် လူတိုက်မိုင်းများကို လက်လုပ် လူသတ်မိုင်းများအဖြစ် သတ်မှတ်ပြီး မိုင်းအသုံးပြုမှု ပိတ်ပင်တားဆီးခြင်း သဘောတူစာချုပ်ကလည်း တားမြစ်သည်။ KNLA တပ်ဖွဲ့များသည် သင်တန်းများတက်ပြီး နင်းမိုင်းများ ကိုယ်တိုင်ထုတ်လုပ် အသုံးပြုသည်ဟု ပြောဆိုမှုများ ရှိသည်။ [20] တချို့ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသည် ရှေ့ထွက်မိုင်းများ ထုတ်လုပ်နိုင်ပြီး၊ အဝေးထိန်းကားမိုင်းများပါ ထုတ်လုပ်သည်။

မြန်မာနိုင်ငံရှိ လက်နက်ကိုင်အဖွဲ့များသည် တပ်မတော်ထံမှ တိုက်ပွဲများအတွင်း သိမ်းယူခြင်းဖြင့် သော်လည်းကောင်း၊ တခြားသူများထောင်ထားသော မိုင်းများကို တူးဖော်ခြင်းမှ သော်လည်းကောင်း၊ မှောင်ခိုလက်နက်ဈေးကွက်များမှ ဝယ်ယူခြင်းဖြင့် သော်လည်းကောင်း မိုင်းများရရှိတတ်သည်။[21]

### မိုင်းအသုံးပြုမှု

၁၉၉၉ ခုနှစ် ပထမအကြိမ် အစီရင်ခံစာစတင်ထုတ်သည့်အချိန်မှစ၍ မြေမြှုပ်မိုင်းအသုံးပြုမှု စောင့်ကြည့် လေ့လာရေး အဖွဲ့သည် မြန်မာနိုင်ငံဒေသအနှံ့အပြားတွင် အစိုးရတပ်ဖွဲ့ နှင့် အစိုးရမဟုတ် သော တပ်ဖွဲ့များ၏ လူသတ်မိုင်း အသုံးပြုမှုကို ကျယ်ကျယ် ပြန့်ပြန့် မှတ်တမ်းတင်ခဲ့သည်။ ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ပထမသုံးလပတ်သတ်တမ်းအထိ လေ့လာထား သော ယခုအစီရင်ခံစာ ကာလအတွင်း မိုင်းအသုံးပြုမှုသည် ဆက်လက်ရှိနေဆဲဖြစ်သည်။

### *အစိုးရတပ်ဖွဲ့ များ၏ နောက်ထပ် အသုံးပြုမှုအသစ်များ*

၂၀၁၇ ခုနှစ် မြေမြှုပ်မိုင်းအသုံးပြုမှု စောင့်ကြည့်ရေးအစီအရင်ခံစာတွင် ၂၀၁၇ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ထိစပ်နေသော နယ်နမိတ်တလျှောက်တွင် တပ်မတော်က လူသတ်မိုင်းများ အသုံးပြုနေခြင်းကို မှတ်တမ်းတင်ခဲ့သည်။အထူးသဖြင့် စက်တင်ဘာလနှင့် ဩဂုတ်လအတွင်း ဖြစ်သည်။ ထိုအချိန်မှစ၍ နယ်စပ်တလျှောက်အစိုးရက မိုင်းအသုံးပြုမှုနှင့်ပတ်သက်သော နောက်ထပ်သက်သေအထောက်အထားများကို အရင်းအမြစ်များစွာမှ ရရှိခဲ့သည်။ သို့သော် မိုင်းအသုံးပြုမှု အတိုင်းအတာ အပြည့်အဝကိုတော့ သိနိုင်ခြင်းမရှိပေ။ အဓိကအကြောင်းရင်းမှာ နယ်စပ်ဒေသအများစုသည် မီဒီယာများ၊ NGOs များနှင့်တခြားသော လူမှုအခြေပြုလူမှု အသိုင်းအဝန်း အဖွဲ့အစည်းများ သွားလာခွင့်မရှိခြင်းကြောင့်ဖြစ်သည်။

၂၀၁၈ ခုနှစ် ဖွန်လတွင် Landmine Monitor အဖွဲ့သည် KIA က ဝေငှပေးသော ဓါတ်ပုံများကို ပြန်လည်သုံးသပ်ခဲ့ပြီး၊ မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာသောလုပ်ငန်းဆောင်ရွက်သော အဖွဲ့တစ်ဖွဲ့ထံသို့ ပေးပို့ခဲ့သည်။ KIA တပ်ဖွဲ့များ အစီရင်ခံခဲ့သော မိုင်းဓါတ်ပုံများမှာ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ် ဂေါ်ရီ ဘမ်၊ မန်ထူဘမ် နှင့် အူလွိုင်ဘိုင်ရွာများမှ ၎င်းတို့ ရှင်းလင်းခဲ့သော မိုင်းများ ဖြစ်သည်။ အကြမ်းအားဖြင့် 80 M14 နှင့် MM2 လူသတ်မိုင်းများပုံပါသော ဓါတ်ပုံတစ်ပုံတွင် ၎င်းမိုင်းများသည် မြန်မာအစိုးရက ထုတ်လုပ်သည်ဟူသော အမှတ်အသားများ ပါသည်ကို တွေ့ရသည်။ ၂၀၁၈ ခုနှစ် ဧပြီလနှင့်

---

[20] ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် Wikileaks မှ ထုတ်ပြန်သော အမေရိကန်ကြေးနန်းများအရ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန် သံတမန်တဦးနှင့် အစည်းအဝေးတွင် ကရင်နိုင်ငံရေးသမားတဦးက "၂၀၀၅ခုနှစ်တွင် နိုင်ငံခြားသား ကျွမ်းကျင်သူတဦးက KNLA အား ဘောစ်များ ထည့်၍ အသုံးပြုသော နင်းမိုင်းလုပ်နည်း သင်ပေးခဲ့သည်ဟု ဆိုသည်။ KNLA က ၎င်း၏ တပ်မဟာများသည် မြေမြှုပ်မိုင်းအသစ်ထုတ်လုပ်နည်း ရရှိထားသည်ဟု ပြောဆိုသည်။ KNU နယ်မြေအတွင်းဝင်လာသော အစိုးရတပ်များအား နှောင့်ယှက်ရန်အတွက် အသုံးပြုခြင်းဖြစ်သည်ဟု KNLA အရာရှိများက ပြောဆိုသည်။ မိုင်းအသစ်များသည် ယခင် KNLA မိုင်းများထက်ပို၍ အန္တရာယ်များကြောင်း၊ လူကို သတ်ရန်မဟုတ် ကိုယ်အင်္ဂါထိခိုက်စေရန်သာ ရည်ရွယ်ကြောင်း အဆိုပါသတင်းအရင်းအမြစ်က ပြောဆိုသည်။" "06RANGOON1767, BURMA REGIME AND KAREN MISTRUST CONTINUES," US Department of State cable dated 4 December 2006, released by Wikileaks on 30 August 2011.

[21] Landmine Monitor Report 2009 တွင် မြန်မာနိုင်ငံအတွင်း အမေရိကန်လုပ် M26 နင်းမိုင်းရှိသည်ဟု ဖေါ်ပြခဲ့သည်။ သို့သော် အသုံးပြုသူကို မသိခဲ့။ ၂၀၁၀ ခုနှစ်တွင် လျှို့ဝှက်သတင်းအရင်းအမြစ်တခု၏ အဆိုအရ KNLA သည် တော်ဝင်ထိုင်းတပ်မတော်ထံမှ M26 မိုင်းများ ရရှိခဲ့သည်ဟု ဆိုသည်။ မိုင်းအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း သဘောတူစာချုပ်သို့ ထိုင်းနိုင်ငံမဝင်ရောက်ခင်က ဖြစ်သည်။ Landmine Monitor Report 2009 အစီရင်ခံစာ၊ စာ ၁၀၁၃ ကိုကြည့်။

မေလ အကြား တပ်မတော်က ၎င်းရွာများမှ ဆုတ်ခွာသည့်အချိန်တွင် ထောင်ထားခဲ့သော မိုင်းများ ဖြစ်သည်ဟု KIA က အခိုင်အမာ ပြောဆိုခဲ့သည်။ မိုင်းရှင်းလင်းစဉ် ၎င်း၏ စစ်သားနှစ်ဦး ဒဏ်ရာရခဲ့သည်ဟု KIA က ပြောဆိုခဲ့သည်။ အင်ဂျန်ယန်မြို့နယ်တွင်လည်း မြေမြုပ်မိုင်း အလုံး ၂၀ ရှင်းခဲ့သည်ဟု KIA ပြောဆိုသည်။ ခြေမြန်တပ်မ ၃၃ သည် ၎င်းဒေသမှ မဆုတ်ခွာခင် မိုင်းများထောင်ခဲ့ခြင်း ဖြစ်သည်ဟု KIA က စွတ်စွဲ ပြောဆိုသည်။ [22]

၂၀၁၈ ခုနှစ် ဖွန်လတွင် Landmine Monitor အဖွဲ့သည် KIA ထံမှ လက်ခံရရှိသော ဓါတ်ပုံများကို ကာကွယ်ရေးဝန်ကြီးဌာနအရာရှိတစ်ဦးကို ပြ၍ မှတ်ချက်ပေးရန် မေတ္တာရပ်ခံခဲ့သည်။ ထိုအရာရှိက အစိုးရသည် လူသတ်မိုင်းများအသုံးပြုခြင်းမရှိဟု ငြင်းဆိုခဲ့ပြီး အစိုးရထုတ်မိုင်းများကို ပုံတူပြု၍ အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့များက အသုံးပြုတာ ဖြစ်နိုင်သည်ဟု ပြောဆိုခဲ့သည်။ [23] ကားမိုင်းပုံပါသော ဓါတ်ပုံတစ်ချို့ကိုလည်း အစိုးရက အသုံးပြုခြင်းမရှိဟု သူက ငြင်းဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်း များသည် ကားအသုံးမပြုခြင်းကြောင့် အစိုးရအနေဖြင့် ကားမိုင်းအသုံးပြုခြင်းမရှိဟု၎င်းက မှတ်ချက်ပြုခဲ့သည်။ [24]

### *အစိုးရတပ်ဖွဲ့များ၏ ယခင်အသုံးပြုမှုများ*

၂၀၁၇ခုနှစ် စက်တင်ဘာလတွင် Landmine Monitor  သည် လွတ်လပ်သော အဖွဲ့အစည်းတော်တော်များများက မျက်မြင်သက်သေထွက်ဆိုမှုများ၊ ဓါတ်ပုံသက်သေခံ အထောက်အထားများပါဝင်သော သတင်းအရင်းအမြစ်များ ထံမှရရှိသော အချက်အလက်များအရ မြန်မာအစိုးရတပ်များသည် လွန်ခဲ့သော ရက်သတ္တပတ်များအတွင်း ဘင်္ဂလားဒေ့ရှ် နယ်စပ် တလျှောက် နင်းမိုင်းများ ထောင်ခဲ့သည်ဟု အစီရင်ခံခဲ့သည်။ မြန်မာအစိုးရတပ်ဖွဲ့များသည် ရိုဟင်ဂျာများအပေါ် တိုင်းရင်းသား လူမျိုးပြုန်းသတ်ဖြတ်မှု စစ်ဆင်ရေးစတင်သည့် ဩဂုတ် နောက်ပိုင်းတွင် မိုင်းအသုံးပြုမှုများ စတင်ခဲ့သည်။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ရိုဟင်ဂျာပြည်သူပေါင်း ၇၀၀၀၀၀ ကျော် အစုလိုက်အပြုံလိုက် ထွက်ပြေးခဲ့ကြရသည်။ နှစ်နိုင်ငံအကြား အဓိက ကုန်လမ်းမှ ဖြတ်ကူးနိုင်သည့် နေရာနှစ်ခုဖြစ်သော မြန်မာနိုင်ငံမှ မောင်တောမြို့နယ် နှင့် ဘင်္ဂလားဒေ့ရှ်ဖက်မှ ဘန်ဒါဘန် ခရိုင် အကြား ထိစပ်နေသော နေရာတွင် မိုင်းအသစ်များ ထောင်ထားသည်ဟု Landmine Monitor က အစီရင်ခံခဲ့သည်။[25]

ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးမဟာမင်းကြီးရုံး၏ ၂၀၁၇ ခုနှစ် အောက်တိုဘာလ အစီရင်ခံစာတွင်  မြန်မာနိုင်ငံ လုံခြုံရေးတပ်ဖွဲ့များသည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့နောက်ပိုင်း ရိုဟင်ဂျာဒုက္ခသည်များ ပြန်မလာနိုင်အောင် နယ်စပ်တလျှောက်မိုင်းများ ထောင်ခဲ့သည်ဟု ဖေါ်ပြသည်။ အလုပ်အဖွဲ့က လက်ခံရရှိသော သတင်းအချက် အလက်များ အရ ဩဂုတ်လ ၂၅ ရက်နေ့ နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံမှ ထွက်ပြေးစဉ် သို့မဟုတ် မြန်မာနိုင်ငံသို့ ပြန်လာပြီး တခြား ပျောက်နေသော မိသားစုဝင်များကို ပြန်လာရှာဖွေစဉ်အတွင်း ပြည်သူများ မိုင်းတက်နင်းမိသည့် အဖြစ်အပျက်များနှင့် မြေမြုပ်မိုင်းအသုံးပြုမှုများကို ကိုးကားဖေါ်ပြသည်။ မိုင်းနင်းမိသောကြောင့် ချက်ချင်း အသက်သေဆုံး သူများရှိသလို ပြင်ထန်စွာ ဒဏ်ရာရခဲ့သူများလည်း ရှိခဲ့သည်။ ကော့ဇ်ဘဇားခရိုင်ဆေးရုံ နှင့် တခြားဆေးဖက်ဆိုင်ရာ ဌာနများက မိုင်းကြောင့် ထိခိုက်ဒဏ်ရာရမှုများဟု အတည်ပြုခဲ့သည်။[26]

---

[22] The Free Burma Rangers published the photographs. See, Free Burma Rangers, "Burma Army Laying Landmines in Civilian Areas," 23 June 2018.

[23] Landmine Monitor meeting with Col. (rtd) Min Htike Hein, Deputy Permanent Secretary for the Minister of Defense, Ministry of Defense, Naypyitaw, 29 June 2018.

[24] Of the six photographs, one photograph showed a single VS 1.6 Italian-made antivehicle mine. The rest show Ka Pa Sa-manufactured antipersonnel mines.

[25] Landmine Monitor ၏ အဆိုအရ ဩဂုတ် ၂၈ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်လာသော အိုးအိမ်မဲ့ ရိုဟင်ဂျာအရပ်သားများကို ကူညီပေးသော၊ တွေ့ဆုံမေးမြန်းခဲ့ကြသည့် ဒေသခံ သုတေသီများက မြန်မာနိုင်ငံဖက်ခြမ်းတွင် စစ်ကားတစ်စီးရောက်လာပြီး သေတ္တာ သုံးလုံးကို စစ်သားများကားပေါ်ကချနေသည်ကို တပ်အပ်မြင်တွေ့ခဲ့ကြောင်း ပြောဆိုခဲ့သည်။ စစ်သားများသည် နင်းမိုင်းများကို သေတ္တာထဲမှ ထုတ်၍ မြေကြီးပေါ်တွင် ထောင်ကြကြောင်း၊ထို့နောက် ညဖက် ပြန်ရောက်လာချိန်တွင် နောက်ထပ် မိုင်းများ ထပ်ထောင်ကြကြောင်း ပြောဆိုခဲ့သည်။ သုတေသီများ၏ အဆိုအရ ထိုမိုင်းများသည် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲကျေးရွာစုအတွင်း ထောင်ထား သည်ဟု ဆိုသည်။ ထိုဒေသသည် ဘင်္ဂလားဒေ့ရှ် မိုင်တိုင်အမှတ် ၃၁ အနီးတွင်ရှိပြီး၊ မြန်မာ နှင့် ဘင်္ဂလားဒေ့ရှ် နယ်စပ် အစနေရာဖြစ်သည်။ နောက်ပိုင်းရက်များတွင်လည်း မြေမြုပ်မိုင်းများ ဆက်လက်အသုံးပြုနေသည်ဟု သုတေသီများက Monitor သို့ ပြောဆိုခဲ့သည်။ မီးတိုက်၊ ငါးရုံချောင်း၊ လှိုင်းသီ၊ ဘောက်ရှုဘက် နှင့် အင်ဒူလာ မြို့နယ်များအတွင်း နယ်စပ်တလျှောက် အရှေ့မြောက်ဖက်အထိ ဖြစ်သည်။ ထိုနေရာသည် မြန်မာနိုင်ငံ (မောင်တောမြို့နယ်) နှင့် ဘင်္ဂလားဒေ့ရှ် (ဘန်ဒါဘန် ခရိုင်) အကြား ထိစပ်နေသော နေရာတွင် တည်ရှိသည်။ ၂၀၁၇ စက် ၁၇ အမည်မဖေါ်လိုသူ NGO ဝန်ထမ်းတစ်ဦးနှင့် သုတေသီများဖုန်း၊အီးမေးအင်တာဗျူး .

[26] According to the report, "The Team was informed that until 23 August 2017, the Myanmar and Bangladesh border guards conducted joint patrols along the international border between Bangladesh and Myanmar and that it was therefore highly unlikely that mines were planted before 23 August

၂၀၁၇ ခုနှစ် မတ်လ လူ့အခွင့်အရေးကောင်စီက တည်ထောင်ခဲ့သော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာလွတ်လပ်သော အချက်အလက်ရှာဖွေရေး မစ်ရှစ်က ထုတ်ပြန်သော အစီရင်ခံစာတစ်ခုတွင် တပ်မတော်သည် နယ်စပ်ဒေသများနှင့် ရခိုင်ပြည်နယမြောက်ဖက်ပိုင်းတွင် မြေမြုပ်မိုင်းများထောင်ခဲ့သည်ဟူသော ယုံကြည်နိုင်လောက်သည့် အခြေအနေများ ရှိသည်ကို တွေ့ခဲ့ရသည်။ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးသည့် အရပ်သားရိုဟင်ဂျာများ သေစေလိုခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရစေခြင်း ရည်ရွယ်ချက်နှင့်အတူ “နယ်မြေရှင်းလင်းခြင်း စစ်ဆင်ရေး၏ အစိတ်အပိုင်းအဖြစ်” အသုံးပြုခဲ့သည်ဟု မစ်ရှင်က တွေ့ရှိခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံသို့ ရိုဟင်ဂျာဒုက္ခသည်များ အိမ်မပြန်လာရဲစေရန် ရည်ရွယ်ချက်ရှိရှိ၊ စနစ်တကျစီမံထားသော မဟာဗျူဟာ၏ တစိတ်တပိုင်းအဖြစ် နယ်စပ်ဒေသများတွင် လူသတ်မိုင်း အသစ်များ ထောင်ထားနိုင်သည်။”[27]

၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘန်ဒါဘန် ခရိုင်တွင် တောဆင်ရိုင်းတစ်ကောင် သေဆုံး ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက နယ်စပ်တွင် ထောင်ထားသော မြေမြုပ်မိုင်းကြောင့်ဟုပြောဆိုသည်။[28] ၂၀၁၇ ခုနှစ်အစောပိုင်းတွင် မြန်မာစစ်တပ်သည် ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက်တွင် မြေမြုပ်မိုင်းများ အသုံးပြုခဲ့သည်။ ၂၀၁၇ ခုနှစ် ဇူလိုင်လ၊ မောင်တောမြို့နယ် ပြန်ပိုက် ကျေးရွာတွင် မြန်မာအစိုးရစစ်တပ်က ထောင်ခဲ့သည်ဟုယူဆရသော မိုင်းကြောင့် လယ်သမား သုံးဦးအသက်သေဆုံးခဲ့ပြီး၊ တစ်ဦး ဒဏ်ရာရခဲ့သည်။[29] မေလတွင် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ကချင်ပြည်နယ်နှင့် မြောက်ပိုင်း ရှမ်းပြည်နယ် အတွင်း မြန်မာအစိုးရစစ်တပ်က လူသတ်မိုင်း အသုံးပြုနေခြင်းနှင့်ပတ်သက်၍ အစီရင်ခံခဲ့သည်။[30] ၂၀၁၇ ခုနှ ဧပြီလတွင် မြန်မာအစိုးရ စစ်တပ် လက်အောက်ခံ နယ်ခြားစောင့်တပ်က မဲသဝေါ နှင့် မြိုင်ကြီးငူသွားရာလမ်း နဘေးတွင် မိုင်းများ ထောင်ထား သည်ဟု ဒေသခံများကို သတိပေးခဲ့သည်။[31] ၂၀၁၆ ခုနှစ် ဧပြီလတွင် မိုင်တိုင်အမှတ် ၅၁ အနီး နယ်စပ်ခြံ စည်းရိုးတွင် အလုပ်လုပ်ကိုင်ရန် မြန်မာအစိုးရ စစ်တပ်က အလုပ်ငှားရမ်းခိုင်းစေခဲ့သော မောင်တောမြို့နယ်မှ ရိုဟင်ဂျာ လေးဦးသည် မြေမြုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့ပြီး၊တစ်ဦး အသက်သေးဆုံးခဲ့သည်။ ဒဏ်ရာရသူများကို ဘူသီးတောင်ဆေးရုံတွင် ကုသပေးခဲ့သည်။[32]

မြေမြှုပ်မိုင်းစောင့်ကြည့်လေ့လာရေးက ထုတ်ပြန်သော ယခင်အစီရင်ခံစာများတွင်လည်း အဆိုပါ နယ်စပ်တလေ ျှာက် လူသတ်မိုင်း အသုံးပြုမှု တစိတ်တဒေသကို မှတ်တမ်းတင်ထားပြီးဖြစ်သည်။[33]

၂၀၁၈ ခုနှစ်အတွင်း နိုင်ငံအတွင်း တခြားသော နေရာများတွင် တပ်မတော်၏ မိုင်းအသစ်အသုံးပြုမှု စွတ်စွဲချက် များရှိသောလည်း Landmine Monitor အဖွဲ့အနေဖြင့် ၎င်းပြောဆိုချက်များနှင့်ပတ်သက်၍ သီးခြားလွတ်လပ်သော သတင်းအရင်းအမြစ်များဖြင့် စစ်ဆေးနိုင်ခြင်း မရှိသကဲ့သို့ မည်သည့်တပ်ဖွဲ့များ တာဝန်ရှိသည်ဟူသော အပိုင်းတွင်လည်း ဆုံးဖြတ်နိုင်ခြင်း မရှိခဲ့ပါ။

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် အိန္ဒိယတပ်မတော်သည် မြန်မာနိုင်ငံ ချင်းပြည်နယ်နှင့် နယ်နမိတ် ထိစပ်ဒေသတလေျှာက်တွင် မြေမြုပ်မိုင်းများ ရှင်းလင်းခဲ့သည်ဟု ပြောဆိုသည်။ ထိုမိုင်းများကို ၂၀၁၇ ခုနှစ်အကုန်နှင့် ၂၀၁၈ ခုနှစ် အစောပိုင်းအကြား မြန်မာတပ်မတော် သို့မဟုတ် ရခိုင်စစ်တပ်က ထောင်ထားသော မိုင်းများ ဖြစ်သည်ဟု ပြောဆိုသည်။ ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်အတွင်း မိုင်းကြောင့် ထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့သည်။[34]

---

due to the likelihood of real danger for army personnel of both sides that they would step onto such an explosive device.” OHCHR, “Mission report of OHCHR rapid response mission to Cox’s Bazar, Bangladesh, 13–24 September 2017,” 11 October 2017. pp. 9–10.

[27] Human Rights Council, “Report of the detailed findings of the Independent International Fact-Finding Mission on Myanmar,” A/HRC/39/CRP.2, 17 September 2018, p. 288.

[28] Anwar Hussain, “Myanmar army’s landmines put elephants at risk,” *Dhaka Tribune*, 26 November 2017.

29 “Rohingya farmers victims of fatal injury in land mine explosion in Northern Maungdaw,” Arakan TV, 15 July 2017. Photographic evidence included with reports, however independent verification was not possible. See also, Thar Shwe Oo, “Landmine kills three in Maungdaw,” Eleven Myanmar, 16 July 2017; and Moe Myint, “Landmine Explosion Kills Teenager, Two Men in Rakhine,” The Irrawaddy, 16 July 2017.

30 Amnesty International, “All the Civilians Suffer: Conflict, Displacement and abuse in Northern Myanmar,” 14 June 2017, p. 32.

31 Unpublished information provided to the Landmine Monitor by the Karen Human Rights Group, 6 September 2017.

32 “Border Landmine Kills and Injures Rohingyas,” Kaladan Press, 19 April 2016.

33 A massive outflow of Rohingya people, nearly a quarter of a million, from Northern Rakhine State (NRS) occurred in 1991 and 1992. Following widespread condemnation of Burma at that time by the Muslim world, Myanmar’s armed forces emplaced a significant minefield along the entire length of its border with Bangladesh. Bangladesh officials and humanitarian workers stated at the time that Burma’s boundary minefield was laid for the purpose of deterring further flight out of the country by the Rohingya, and also to harass cross border movement by several Rohingya and Rakhine armed groups active at that time. See, Landmine Monitor 2000, Burma Country Report. In the early 90s, several armed groups existed in that border area, including the Rohingya Solidarity Organization, the Arakan Rohingya National Organization, the Arakan Army, and the Arakan Liberation Army. Further mine laying occurred in later years. See, Landmine Monitor Myanmar/Burma Ban Policy profiles 2013, 2014, and 2015.

[34] Guwahati Nyoooz, “Bomb experts defuse mines along Myanmar border in Mizoram,” *Times of India*, 16 February 2018. See also, “Land Mines in Mizoram-Myanmar border cause rising casualties,” *The Northeast Today*, 25 January 2018; and Lun Min Mang, “Villager killed by landmine in Paletwa, refugees flee to India,” *Myanmar Times*, 30 November 2017.

### *ရက်စက်ကြမ်းကြုပ်မှု/ ပေါ်တာများဖြင့် မိုင်းရှင်းခြင်း*

၂၀၁၈ ခုနှစ်အတွင်း မြန်မာစစ်တပ်သည် မြေမြုပ်မိုင်းရှင်းရာတွင် လူသားအသုံးပြုမှုအလေ့အထ ဆက်လက်အသုံးပြုနေသည့် သက်သေအထောက်အထားများကို Landmine Monitor က တွေ့ရှိခဲ့သည်။ ၎င်းဆောင်ရွက်ချက်သည် နိုင်ငံတကာလူသားချင်းစာနာမှု နှင့် လူ့အခွင့်အရေးဥပဒေကို ဆိုးဝါးစွာ ချိုးဖောက်ခြင်းဖြစ်သည်။[35]

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောနိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်၏ ၂၀၁၈ ခုနှစ် စက်တင်ဘာလ အစီရင်ခံစာတွင် တပ်မတော်စစ်ကြောင်းများသည် လက်နက်ကိုင်တိုက်ပွဲများဖြစ်သော တောအုပ်များအတွင်း သွားလာ သည့်အခါတွင် ပေါ်တာများကို စစ်ကြောင်းများအရှေ့သွားခိုင်းသည့် အသေးစိတ်ပြောဆိုမှုများ ကြိမ်ဖန်များစွာ တွေ့ရသည်။ မြေမြုပ်မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့သော အရပ်သားများ သို့မဟုတ် အသက်သေဆုံးသွားခဲ့သော အရပ်သားများကို မြင်တွေ့ခဲ့သည့် ပေါ်တာများက ၎င်းတို့ကို "လူသားမိုင်းရှင်းကိရိယာများသဖွယ်" အသုံးပြု၍ ရှေ့မှသွားခဲ့ရကြောင်း မစ်ရှင်သို့ ပြောကြားခဲ့သည်။[36]

၂၀၁၈ ခုနှစ် မေလတွင် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)က တပ်မတော်နှင့် KIA တပ်များအကြား တိုက်ပွဲများဖြစ်သည်ဟူသော ကောလဟာလများ ထွက်ပေါ်ခဲ့သည့် ၂၀၁၈ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ လိုင်နော်ခုကျေးရွာများ ရွာသားများ ထွက်ပြေးခဲ့ကြသည်ဟု အစီရင်ခံခဲ့သည်။ တောထဲတွင် နှစ်ည ပုန်းခိုနေပြီးနောက် တပ်မတော် ခလရ ၄၂၄ က ရွာသားများကိုတွေ့ပြီး မေးမြန်းခဲ့သည်။ ထို့နောက် ရွာသားများကို ၎င်းတို့အရှေ့မှ တန်းစီ၍ လျှောက်ခိုင်းခဲ့သည်။ စစ်ကြောင်းရှေ့ဆုံးမှ ရွာသားတစ်ဦးဖြစ်သူ ဖိုးရှမ်းသည် မြေမြုပ်မိုင်းထိ ဒဏ်ရာရခဲ့သည်။ သူ့ကို သယ်သွားသည်ကို ရွာသားများ တွေ့ခဲ့ရပြီး အသက်ရှင်မရှင်ကိုတော့ မသိရဟု အစီရင်ခံခဲ့သည်။[37]

၂၀၁၈ ခုနချ်စ် မေလတွင် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် စိုင်းထွန်းညဏ်က ၎င်း၏ ကျောက်မဲမြို့နယ်အတွင်း တော်ဆန်းမှ ရွာသားများကို၂၀၁၈ ခုနှစ် မေလ ၃ ရက်နေ့တွင် အစိုးရစစ်တပ် ခြေမြန်တပ်ရင်း စစ်ကြောင်းရှေ့မှ သွားခိုင်းသဖြင့် မြေမြုပ်မိုင်းထိမှုများ ရှိခဲ့သည်ဟု ပြောဆိုသည်။ သူ၏ မဲဆန္ဒနယ်မှ ပြည်သူများက ၎င်းတို့မိုင်းကွင်းများကို ဖြတ်၍ စစ်ကြောင်းများအရှေ့ မှ သွားခိုင်းခြင်းများနှင့်ပတ်သက၍ သူ့ကို အသေးစိတ်ပြောပြသည်ဟု ပြောဆိုသည်။ လွှတ်တော် ကိုယ်စားလှယ်က တပ်မတော်သည် ၎င်းအလေ့အထကို အများဆုံး အသုံးပြုသော်လည်း အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများလည်း အသုံးပြုသည်ဟု ပြောဆိုသည်။[38] ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကရင်လူ့အခွင့်အရေးအဖွဲ့က ရရှိသော ထွက်ဆိုချက်တစ်ခုအရ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၊ တကွီးကလာကျေးရွာမှ ရွာသားတစ်ဦးသည် နယ်ခြားစောင့်တပ်အတွက် နှစ်လကျော်ကြာ ပေါ်တာအဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် မိုင်းထောင်ထားသည့်နေရာများကိုဖြတ်၍ နယ်ခြားစောင့်တပ်များအရှေ့မှ သွားခိုင်းခြင်းများ ကြုံခဲ့ရကြောင်း ပြောဆိုသည်။[39] ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ကရင်လူ့အခွင့်အရေးအဖွဲ့က ရရှိသော ထွက်ဆိုချက်တစ်ခုအရ နယ်ခြားစောင့်တပ်အမှတ်

---

[35] Over the past two decades, Landmine Monitor has reported disturbing evidence that Myanmar military have forced civilians to clear antipersonnel mines without training or protective equipment or forced civilians to guide or carry equipment for the military in mined areas. Such activities constitute a threat to the right to life, liberty, and security of person. During Myanmar's first Universal Periodic Review of its human rights record, in 2011, the ICBL provided a submission detailing the use of human minesweepers.

[36] Human Rights Council, "Report of the detailed findings of the Independent International Fact-Finding Mission on Myanmar," A/HRC/39/CRP.2, 17 September 2018.

[37] Kachin Women's Association Thailand, "Burma Army commits war crimes against Kachin IDPs: blocking access to refuge, using as human shields and minesweepers, indiscriminate shelling, looting," 14 May 2018; and subsequent clarification emails from San Htoi, Kachin Women's Association Thailand, 2 July 2018.

[38] Lawi Weng, "Shan State Parliament Refuses to Let Lawmaker Raise 'Human Shield' Allegations," *The Irrawaddy*, 1 June 2018.

[39] Karen Human Rights Group, "Interview #17-131-A4-I1," published 8 June 2018. There is no official governmental document that defines a Border Guard Force (BGF), however they have a military structure parallel to the Myanmar Army. The BGF commander is from an ethnic armed group, as are many of the rank and file. BGF are supposedly under the command of the Myanmar army, however they sometimes appear to carry out independent activities.

၁၀၁၃ နှင့် ၁၀၁၄ သည် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကွီးလော်ပလိုး၊မယ်သမိုး၊ ကလွာဒေး၊ ယောပိုး နှင့် ကလိုထောရွာများမှ ရွာသားများကို မိုင်းထောင်ထားသော နေရာများတွင် ပေါ်တာများအဖြစ် ခိုင်းစေခဲ့သည်ဟု ပြောဆိုသည်။[40]

### *အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များ၏ အသုံးပြုမှု*

၁၉၉၉ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့သည် လူသတ်မိုင်းများ အသုံးပြုသည်။ တချို့အဖွဲ့အစည်းများသည် အဖွဲ့အစည်းအဖြစ် မရှိကြတော့ခြင်း သို့မဟုတ် မိုင်း အသုံးပြုခြင်း မရှိတော့ပေ။ သို့သော် ယခုအစီရင်ခံစာရေးသည့်အချိန်ကာလအတွင်း KIA၊ ကိုးကန်းတပ်၊ ရခိုင်တပ် နှင့် တအာင်းအမျိုးသား လွတ်မြောက်ရေးတပ် တို့ ပါဝင်ဖွဲ့စည်းထားသော မြောက်ပိုင်းမဟာမိတ်အဖွဲ့သည် တပ်မတော်နှင့် တိုက်ပွဲများအတွင်း လူသတ်မိုင်းများ အသုံးပြုသည်ဟူသော အစီရင်ခံမှုများစွာ ရှိခဲ့သည်။ ဒီမိုကရေစီကရင်အကျိုးပြုတပ်မတော် (DKBA) နှင့် ကရင်အမျိုးသားလွတ်ရောက်ရေးတပ်မတော (KNLA) က မိုင်းအသုံးပြုမှုများကိုလည်း မှတ်တမ်းတင်ခဲ့သည်။

မိုင်းအသစ် အသုံးပြုမှု အများစုကို ကချင်၊ ကရင်၊ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် တွေ့ရသည်။

- ၂၀၁၈ ဇွန်လတွင် ရှမ်းပြည်နယ်ကျောက်မဲမြို့ခံ ပြည်သူများက TNLA က မြေမြုပ်မိုင်းအသစ်များ ထောင်ထားသဖြင့် တချို့နေရာများတွင် ခရီးသွားလာခြင်းနှင့်ပတ်သတ်၍ ၎င်းတို့ကို သတိပေးခဲ့သည်ဟုဆိုသည်။[41]
- ၂၀၁၈ ခုနှစ် မတ်လ-ဧပြီလတွင် ဒေသခံNGO တစ်ခု၏အဆိုအရ ဒေသတွင်း တပ်မတော်လှုပ်ရှားမှုများလာခြင်းကြောင့် ရွာသားများ၏ အိမ်မွေးတိရိစ္ဆာန်များ ပျောက်ဆုံးသဖြင့် ကေးပု နှင် လာမူပလောရွာများအနီး KNLA တပ်ဖွဲ့များက မြေမြုပ်မိုင်းထောင်ခဲ့သည်ဟု ဆိုသည်။[42]
- ၂၀၁၈ ခုနှစ် ဧပြီလတွင် ကချင်ပြည်နယ် ဟူကောင်းတောင်းကြား တနိုင်းမြို့နယ်တွင် KIA က ၎င်းတို့ မြေမြုပ်မိုင်း ထောင်ထားသည်ဟု ကြေငြာသည်။[43]
- ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ကချင်ပြည်နယ်၊ ဗန်းမော်၊ ဖားကန့် ၊မိုးညှင်း နှင့် တနိုင်းမြို့နယ်များတွင် KIA က မြေမြုပ်မိုင်း ထောင်သည်ဟု ကာကွယ်ရေးဝန်ကြီးဌာနက ပြောဆိုသည်။[44]
- ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)က ၂၀၁၆ ခုနှစ်နှစ်လည်ပိုင်း လှိုင်းဘွဲ့မြို့နယ်တွင် ရွာသူကြီးတစ်ဦး မြေမြုပ်မိုင်းထိ၍ သေဆုံးခဲ့ကြောင်း သတင်းအချက်အလက်ရရှိခဲ့သည်။ ရွာသူကြီး အစည်းအဝေး သွားရန်ရှိသည့် လမ်းတွင် DKBA ခွဲထွက်တစ်ဖွဲ့က ထောင်ခဲ့သောမိုင်းကြောင့်ဟု ပြောဆိုသည်။ [45]

- ၂၀၁၇ ခုနှစ် ဇွန်လတွင် ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့နယ် တာလောကျေးရွာဒေသခံ အုပ်ချုပ်ရေးမှူး တစ်ဦးက ကချင်လွတ်လပ်ရေးတပ်မတော် (KIA) သည် မြို့အနီးမြေမြုပ်မိုင်းထောင်ထားသောကြောင့် အရပ်သား ထိခိုက်ဒဏ်ရာရမှု နှင့် အိမ်မွေးတိရိစ္ဆာန်များ ဆုံးရှုံးရသည်ဟု ပြောဆိုခဲသည်။ [46]

၂၀၁၁ ခုနှစ်တွင် အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး သဘောတူညီချက် ရယူရန် ဆန္ဒရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့သည် “ မိုင်းထောင်ခြင်းကို အဆုံးသတ်ရမည်။” နှင့် “မြေမြုပ်မိုင်းရှင်းလင်းခြင်း လုပ်ငန်းစဉ်တွင် ပူးပေါင်း ပါဝင်မည်။” ကတိကဝတ်ပြုသော NCA ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ကရင်အမျိုးသား အစည်းအရုံး (KNU) မှ ခွဲထွက်ခဲ့သော (၂) ဖွဲ့ အပါအဝင်၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ရခိုင်လွတ် မြောက်ရေးပါတီ (ALP)၊ ပအို့ဝ်အမျိုးသား လွတ်မြောက်ရေး အဖွဲ့၊

[40] Karen Human Rights Group, “Ongoing fighting, displacement, landmines, porter demands, and child recruitment in Hlaingbwe Township, Hpa-an District, October and November 2017,” 13 December 2017.

[41] Lawi Weng, “3 Civilians Reportedly Killed by Landmines in Shan State in June,” *The Irrawaddy*, 8 July 2018.

[42] “KHRG Submission to Landmine Monitor,” September 2018, unpublished.

[43] Lawi Weng, “KIA Raids Tatmadaw Base, Claims to Detain More than a Dozen Troops,” *The Irrawaddy*, 9 April 2018.

[44] Lawi Weng, “Army Shelling Seen Signaling Start of New Offensive in Kachin, Shan States,” *The Irrawaddy*, 14 December 2017.

[45] “KHRG Submission to Landmine Monitor,” September 2018, unpublished.

46 Tun Lin Aung, “Landmines scare Myitkyina farmers,” Eleven Myanmar, 2 June 2017.

မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး၊ ချင်းအမျိုးသားတပ်ဦး စသည့် အဖွဲ့အားလုံးသည် ယခင်က မြေမြုပ်မိုင်းများ အသုံးပြုခဲ့သော အဖွဲ့အစည်းများ ဖြစ်သည်။[47] ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံးနှစ်ဖွဲ့သည် NCA သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သဖြင့် လက်မှတ်ရေးထိုးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၀ ဖွဲ့ ဖြစ်လာသည်။ [48]

ယခင်အချိန်က ဆွဇ်အန်ဂျီအိုဖြစ်သော Geneva Call အဖွဲ့က ကမကထပြုသော ကတိကဝတ်စာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့် လက်နက်ကိုင်အဖွဲ့တစ်ချို့ နှင့် ယခင်လက်နက်ကိုင်ခဲ့သော အဖွဲ့များက လူသတ်မိုင်း အသုံးပြုမှုကို တဖက်သတ် စွန့်လွှတ်ခဲ့ကြသည်။[49] ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) သည် ၂၀၀၇ ခုနှစ်တွင် ကတိကဝတ်စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပြီး ၎င်း၏ စစ်ရေးလက်တံဖြစ်သော TNLA က မိုင်းအသုံးပြုမှုကို ရပ်တန့်ရန် ကတိကဝတ်ပြုခဲ့သည်။[50] ၂၀၁၇ ခုနှစ် ဖွန်လတွင် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ ရေးသား ပေးပို့သော တုန့်ပြန်ချက်တွင် TNLA က ၎င်းတို့တပ်ဖွဲ့ဝင်များ မိုင်းအသုံးပြုသည်ဟူသော လက်တလော စွတ်စွဲချက်များကို ငြင်းဆိုလိုက်ပြီး၊ ကတိကဝတ်စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့သည့်အချိန်မှစ၍ TNLA သည် မြေမြုပ်မိုင်းအသုံးပြုခြင်း မရှိကြောင်း ပြောဆိုခဲ့သည်။[51]

***မြေမြုပ်မိုင်းအသစ်အသုံးပြုနေခြင်းများကို တုန့်ပြန်ဆောင်ရွက်ခြင်း။***

ယခုအစီရင်ခံစာ ရေးသားသည့်အချိန်အတွင်း မြန်မာအစိုးရအရာရှိများကမြန်မာအစိုးရတပ်များသည် လူသတ်မိုင်း အသုံးပြုသည်ဟု ဝန်ခံခြင်းသော်လည်းကောင်း ငြင်းဆန်ခြင်းသော်လည်းကောင်း မရှိခဲ့ပေ။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပသော စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ ဆယ်ခြောက်ကြိမ်မြောက်အစည်းအဝေးတွင် မြန်မာအစိုးရ ကိုယ်စားလှယ်က "မြန်မာလက်နက်ကိုင်တပ်ဖွဲ့သည် ပြည်တွင်းပဋိပက္ခကာလအတွင်း ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ကို အကာအကွယ်ပေးနေသောကြောင့် မြေမြုပ်မိုင်းများ ဆက်လက်အသုံးပြုခြင်း မရှိတော့ကြောင်း။" ပြောဆိုခဲ့သည်။[52] သို့သော် ၂၀၁၈ ခုနှစ် ဖွန်လတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက Landmine Monitor သို့ မြန်မာနိုင်ငံလက်နက်ကိုင်တပ်ဖွဲ့များသည် လူသတ် မြေမြုပ်မိုင်းများ ဆက်လက်အသုံးပြုနေသော်လည်း "မိမိကိုယ် မိမိ ကာကွယ်ခြင်း" အတွက်သာ အသုံးပြုကြောင်းနှင့် " စနစ်တကျ မြေပုံဆွဲမှတ်သားထားသည်" ဟု ပြောဆိုသည်။[53]

အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့များသည် လူသတ်မိုင်းအသုံးပြုခြင်းအပေါ် အစိုးရတပ်များကိုသော်လည်းကောင်း တခြားအဖွဲ့များကိုသော်လည်းကောင်း အပြစ်ပုံချလေ့ရှိသည်။[54] သို့သော် KIA သည် မြေမြုပ်မိုင်းများ ၎င်းထုတ်လုပ်အသုံးပြုနေခြင်းအပေါ် ယမန်နှစ်က ခုခံပြောဆိုသွားခဲ့သည်။ သတင်းထုတ်ပြန်ရေးအရာရှိချုပ် ဗိုလ်မှူးကြီး နော်ပူ က ၂၀၁၈ ခုနှစ်ဇန်နဝါရီလတွင် ပြုလုပ်သော မီဒီယာအင်တာဗျူးတစ်ခုတွင် KIA သည် လူသတ်မိုင်း များကို "ကျနော်တို့ ရှေ့တန်းစခန်းလာရာလမ်းကြောင်းနှင့် ဌာနချုပ်အနီးတဝိုက်မှာသာ" အသုံးပြုခြင်း ဖြစ်ပါသည် ပြောကြားခဲ့သည်။

---

[47] "ငြိမ်းချမ်းရေးသဘောတူစာချုပ်လက်မှတ်ရေးထိုး။"မြန်မာ့အလင်း။ ၁၆အောက်တိုဘာ ၂၀၁၅။ စာ၁။ အပစ်အခတ်ရပ်စဲသောသဘောတူစာချုပ် ချုပ်ဆိုသည့် နိုင်ငံရေးအဖွဲ့အစည်းများတွင် လက်နက်ကိုင်တပ်များရှိကြသည်။KNU တွင် ကရင့်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(KNLA)၊ RCSS တွင် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)၊ALP တွင်ရခိုင်လွတ်မြောက်ရေးတပ်မတော်၊ PNLOတွင် ပအိုဝ်အမျိုးသားလွတ်မြောက်ရေး တပ်မတော် နှင့် CNF တွင် ကချင်အမျိုးသား တပ်မတော်တို့ဖြစ်သည်။ ကျန်၂ဖွဲ့သည်တပ်နှင့်နိုင်ငံရေးအမည်တူညီသည်။

[48] "Two ethnic armed groups sign ceasefire agreement in Nay Pyi Taw," *Global New Light of Myanmar*, 14 February 2018.

[49] ဆွစ်NGOတခုဖြစ်သောGeneva Callမှစီစဉ်သောကတိကဝတ်ပြုမှုသဝဏ်လွှာကို လက်မှတ်ရေးထိုးခဲ့သော ယခင်လက်နက်ကိုင် အဖွဲ့များ သည်နှင့် လက်နက်ကိုင်အဖွဲ့တချို့က လူသတ်မိုင်းအသုံးပြုမှုကိုတဖက်သတ်စွန့်လွှတ်ခဲ့သည်။ ၂၀၁၆ခုနှစ်ဇူလိုင်တွင် ချင်းအမျိုးသားတပ်မတော်က စွန့်လွှတ်ရန်ကြေငြာခဲ့သည်။ ယခုအချိန်တွင် စစ်ရေးအရ လှုပ်ရှားမှုမရှိတော့သော အာရ်ကန်ရိုဟင်ဂျာအမျိုးသားအဖွဲ့ နှင့် အာရ်ကန်အမျိုးသား စည်းလုံးညီညွတ်ရေးပါတီနှစ်ဖွဲ့စလုံးသည် ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် အသုံးပြုမှုကို စွန့်လွှတ်ခဲ့သည်။ လားဟူ ဒီမိုကရက် တစ်တပ်ဦး (LDF)၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်နှင့် PPLO/ ပအိုဝ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PPLA)တို့ကလည်း ၂၀၀၇ ခုနှစ် ဧပြီလတွင် စွန့်လွှတ်ကြောင်း ကြေငြာခဲ့သည်။ ၂၀၁၀ ခုနှစ်ဖွန်လထုတ်ပြန်သော အစီရင်ခံစာတွင် LDF နှင့် PPLA တို့နှစ်ဖွဲ့စလုံး ပြိုလဲသွားပြီဟု Geneva Call က ဖော်ပြခဲ့သည်။

[50] ၂၀၁၄ ခုနှစ်မှစ၍ Geneva Call သည် TNLA သည်မိုင်းများအသုံးပြုနေသည်ဟူသော စွတ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းမှု များပြုလုပ်နေဆဲဖြစ်သည်။ Geneva Call, "Burma/Myanmar: Geneva Call urges an end to mine use in northern Shan State," 14 July 2016.ကိုကြည့်။

51 Amnesty International, "All the Civilians Suffer: Conflict, Displacement and abuse in Northern Myanmar," 14 June 2017, p. 44.

[52] Statement of Myanmar, Mine Ban Treaty Sixteenth Meeting of States Parties, Vienna, 21 December 2017.

[53] Landmine Monitor meeting with Col. (rtd) Min Htike Hein, Ministry of Defense, Naypyitaw, 29 June 2018.

[54] Lawi Weng, "3 Civilians Reportedly Killed by Landmines in Shan State in June,'" *The Irrawaddy*, 8 July 2018.

"ပဋိပက္ခဖြစ်သော နေရာများတွင် ကျနော်တို့ မိုင်းထောင်ခြင်းဖြစ်သည်။ အရပ်သား ပြည်သူများ သွားလာသည့်နေရာများတွင် မိုင်းထောင်ခြင်းမရှိ။" ပြောဆိုရင်း ၎င်းတို့ မိုင်းအသုံးပြုရခြင်းအကြောင်းရင်းကိုစုခံပြောဆိုခဲ့သည်။[55]

မြန်မာနိုင်ငံတွင် မြေမြုပ်မိုင်းအသုံးပြုခြင်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ရှုံ့ချခြင်း များရှိသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့ လူ့အခွင့်အရေးကောင်စီတွင် ကုလသမဂ္ဂလူ့အခွင့်အရေးကော်မရှင်နာမင်းကြီး ဇိရ်ဒ် ရာအဒ် အယ်လ် ဟူစိန်က "မြန်မာအာဏာပိုင်များသည် ဘင်္ဂလားဒေ့ရှ်နယ်စပ်တလျှောက်တွင် မြေမြုပ်မိုင်းများ စတင်ထောင်နေဟူသော အစီရင်ခံမှုများအတွက် အလွန်ထိပ်လန့်မိပါသည်" ဟု ပြောဆိုခဲ့သည်။ ၂၀၁၇ ခုနှစ် မတ်လ တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က "မြေမြုပ်မိုင်းများအသုံးပြုခြင်းကို အဖွဲ့အစည်း အားလုံးက ချင်ချင်းရပ်တန့်ပေးရန် " တောင်းဆိုခဲ့သည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီက မြေမြုပ်မိုင်းများ ရှိနေခြင်းကြောင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ အိုးအိမ်စွန့်ခွာပြည်သူများ လုံခြုံစွာနေရပ်ရင်းပြန်ရေးအတွက် အဟန့်အတား ဖြစ်ရသည့်အကြောင်းကို အစီရင်ခံခဲ့သည်။[56]

၂၀၁၇ ခုနှစ် စက်တင်ဘာလတွင် မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ ဆယ်ခြောက်ကြိမ် မြောက်အစည်းအဝေး သဘာပတိ ဖြစ်သူ ဩစတီးလျ သံအမတ်ကြီး သောမတ်စ် ဟာ့ဂျ်နီဇီက မြန်မာနိုင်ငံတွင် မြေမြုပ်မိုင်းအသစ်အသုံးပြုနေခြင်းအပေါ် အလွန်အမင်းစိုးရိမ်မိဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ "မြန်မာအစိုးရကို ယခုအခြေအနေကို ရှင်းလင်းပေးရန် နှင့် ထိုဖြစ်ရပ်အပေါ်တွင် နိုင်ငံတကာ၏ ပါဝင်မှုဖြစ်သော လွတ်လပ်သော အချက်အလက်ရှာဖွေရေး မစ်ရှင်တစ်ခုကိုပါ ထည့်သွင်းစဉ်းစားရန်" တောင်းဆိုခဲ့သည်ဟု ပြောဆိုခဲ့သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် မိုင်းအသုံးပြုမှု တားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ ဆယ်ခြောက်ကြိမ်မြောက်အ စည်းအဝေးက " မည်သူမဆို လူသတ်မိုင်းများ အသုံးပြုခြင်းကို ရှုံ့ချသည်" ဟု ထုတ်ပြန်ခဲ့သည်။ [57]

မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်းသဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်က မြန်မာနိုင်ငံက လူသတ်မြေမြုပ်မိုင်းများ အသုံးပြုနေခြင်းကို ပြစ်တင်ရှုံ့ချခဲ့သည်။[58]

၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့ ကမ္ဘာ့ကုလသမဂ္ဂအစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ်ဟာဆီနာက မြန်မာနိုင်ငံနှင့်နယ်နမိတ်ထိစပ်နေသည့် နယ်နမိတ်စည်းမျဉ်းတွင် မိုင်းအသစ်များ အသုံးပြုနေသည်ဟု ရှုံ့ချပြစ်တင်ခဲ့သည်။ " ရိုဟင်ဂျာပြည်သူများ မြန်မာနိုင်ငံသို့ ပြန်မလာနိုင်အောင် နယ်စပ်တလျှောက် မြန်မာ အာဏာပိုင် များက မြေမြုပ်မိုင်းများ ချထားသည် မြင်ရသည့်အတွက် အလွန်အမင်း တုန်လှုပ်မိပါသည်" ဟု သူမက ပြောဆိုခဲ့သည်။[59] ဘင်္ဂလားဒေ့ရှ် နိုင်ငံသည် ၎င်းနယ်စပ် ဖက်ခြမ်းတွင် လူသတ်မိုင်းများ ထောင်ထားသည်နှင့်ညွှန်ပြသော သက်သေ အထောက်အထား မရှိပေ။ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂ ရက်နေ့ ဘင်္ဂလားဒေ့ရှ် နှင့် မြန်မာနိုင်ငံအာဏာ ပိုင်များ အကြား ပြုလုပ်သော အဆင့်မြင့် အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး အက်စွတ္တဇမ်မ ခန် ကာမန်က မြန်မာစစ်တပ်ကို ဘင်္ဂလာဒေ့ရှ် နယ်စပ်တလျှောက် မြေမြုပ်မိုင်းများ ထောင်ခြင်းကို ရပ်တန့်ပေးရန် တောင်းဆိုခဲ့ သည်ဟု ဆိုသည်။ သူမက သတင်းမီဒီယာများနှင့် တွေ့ဆုံချိန်တွင် " ဇီးရိုးလိုင်းပေါ်မှာ မြေမြုပ်မိုင်းထောင်ထားတဲ့ပတ်သက်ပြီး ကျမ ဆွေးနွေးခဲ့ပါတယ်။ ကျမဝန်ကြီးကို ပြောခဲ့ပါတယ်။ နိုင်ငံတကာ ဥပဒေအရ မြန်မာနိုင်ငံအစိုးရအနေဖြင့် နယ်စပ်မျဉ်းပေါ်မှာ မိုင်းထောင်လို့ မရပါဘူး။ ဒီလိုလုပ်တာဟာ ဥပဒေနှင့် ဆီလျော်ခြင်း မရှိပါဘူး။" [60]

---

[55] Nang Lwin Hnin Pwint, "Mined areas increase to 11 Townships-original in Burmese language," *The Irrawaddy*, 13 January 2018.

[56] Human Rights Council, "Report of the Independent International Fact-Finding Mission on Myanmar," 28 August 2018.

[57] "Final report: Mine Ban Treaty Sixteenth Meeting of States Parties," APLC/MSP.16/2017/11, 22 December 2017.

[58] Bangladesh, "Statement under Thematic Discussion on "Conventional Weapons" in the First Committee of the 72nd session of the UN General Assembly on Wednesday, 18 October 2017," New York, 18 October 2017.

59 UN video, "Bangladesh - Prime Minister Addresses General Debate, 72nd Session," 21 September 2017.

[60] "Stop Landmines, Airspace Violations, Bangladesh Minister told Myanmar Delegation," *Radio Free Asia*, 5 October 2017.

မြန်မာနိုင်ငံအတွင်း မြေမြုပ်မိုင်းအသစ်အသုံးပြုခြင်းအတွက် ICBL က အပြင်းအထန်ရှုံ့ချခဲ့သည်။ "နေအိမ်မှ ထွက်ပြေးသူ အရပ်သားပြည်သူများကို ထိခိုက်သေကြေစေသည့် တရားမဝင်လက်နက်အသုံးပြုခြင်းအတွက် မည်သည့်အကြောင်း ပြချက်မျိုးမှ မရှိနိုင်ပေ။" ဟု ဖေါ်ပြထားသည်။

မကြာသေးမီ နှစ်များအတွင်း မြန်မာနိုင်ငံအတွင်း မိုင်းအသုံးပြုမှု ရပ်တန့်ရန် နှင့် မိုင်းရှင်းလင်းရန် တောင်းဆိုမှု များသည် ပို၍ တွေ့လာရသည်။၂၀၁၈ ခုနှစ် ဧပြီလတွင် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခင်ထားရီက "မြန်မာနိုင်ငံသည် မိုင်းအသုံးပြုမှုတားမြစ်ပိတ်ပင်ခြင်း သဘောတူစာချုပ်အား လက်မှတ်ရေးထိုးခြင်းမရှိသေးသည့်အပေါ် သူမအနေဖြင့် ဝမ်းနည်းကြောင်း၊ လက်မှတ်ရေးထိုးရန် အစိုးရကိုတိုက်တွန်းသွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။[61] ၂၀၁၇ ခုနှစ် ဒုတိယအကြိမ်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခတ်မှု စောင့်ကြည့်ရေး ပူးတွဲကော်မတီက မြေမြုပ်မိုင်းများနှင့် မပေါက်ကွဲသေးသောပစ္စည်းများ ရှင်းလင်းပေးရန် ဒေသခံ အရာရှိများကိုတောင်းဆိုရန် လူထုအား တိုက်တွန်းခဲ့သည်။ [62] ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် မန်တုန်မြို့နယ် လွှတ်တော်အမတ်က ရှမ်းပြည်နယ် အတွင်း တပ်မတော်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအကြား လက်နက်ကိုင် တိုက်ပွဲများ အကြား မြေမြုပ်မိုင်းအသုံးပြုခြင်းကို ရှုံ့ချသော ကြေငြာချက် ထုတ်ပြန်ခဲ့သည်။[63]

**ထိခိုက်ဒဏ်ရာရမှု**

| | | |
|---|---|---|
| ၂၀၁၇ ခုနှစ်ကုန်အထိ ရရှိသည့် ထိခိုက်ဒဏ်ရာစာရင်း | ၄၁၉၃ ဦး (၅၃၇ သေဆုံး၊ ၃၅၃၈ ဒဏ်ရာ၊ ၁၁၈ မသိရ) မိုင်း/စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ (ERW) ၁၉၉၉ ခုနှစ်မှစ၍။ | |
| ၂၀၁၇ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာ ရမှုများ[64] | | |
| နှစ်ပတ်လည်စုစုပေါင်း | ၂၀၂ | ၂၀၁၆ ခုနှစ် ၂၉၈ ဦးမှ လျော့နည်းသည်။ |
| ထိခိုက်မှုအမျိုးအစားရလဒ် | ၄၈ ဦးသေ၊ ၁၅၄ ဦး ဒဏ်ရာ | |
| ထိခိုက်ဒဏ်ရာရ စေ သော မိုင်းအမျိုးအစားများ | လူသတ်မိုင်း၊ လက်လုပ်မိုင်း (လူထိမိုင်း၊ လက်လုပ်မိုင်း၊ IEDs) ၁၆၁ လုံး၊ ကားမိုင်း (၁) လုံး၊ စစ်အတွင်းကြွင်း ကျန် ရစ်ခဲ့သော ပေါက်ကွဲစေသော ပစ္စည်းများ ၃ လုံး၊ အမျိုးအစားမိုင်း/ စစ်အတွင်းကြွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသောပစ္စည်းများ မသိ ၃၇ လုံး။ | |
| ပြည်သူအမျိုးအစား | အနည်းဆုံး စစ်ဖက်ဆိုင်ရာ ၁၁ ဦး | |
| အသက် နှင့် လိင် | အနည်းဆုံး အမျိုးသား ၁၁၀ ဦး၊ ကလေးငယ် ၄၅ ဦးအပါအဝင် | အမျိုးသမီး ၂၀ ဦး၊ကလေးငယ် ၇ ဦး အပါအဝင် |

၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မိုင်းနှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများကြောင့် ထိခိုက်မှု အနည်းဆုံး ၂၀၂ ဦးရှိခဲ့သည်ဟု အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကမ္ဘာ့ကုလ သမဂ္ဂအေဂျင်စီများ၊ ICRC နှင့် တခြားသော အဖွဲ့အစည်းများအပြင် အစိုးရနှင့် တခြား လွတ်လပ်သော မီဒီယာ အစီရင်ခံမှုများအရ ခန့်မှန်းရသည်။

[61] Pyae Thet Phyo, "Government to go slow on EU landmine aid offer," *Myanmar Times*, 6 April 2018.

[62] Saw Nyunt Thaung, "Panglong fails to address need for landmine clearance agreements," *Karen News*, 30 May 2017.

63 Nyein Zaw Lin, "MP denounces collateral damage and landmine danger," Myanmar Times, 25 January 2017.

[64] Unless noted otherwise, Monitor casualty data for 2016 is from a combined dataset of published and unpublished sources. For 110 casualties the age group and sex was not reported.

ထိခိုက်ဒဏ်ရာရမှု အများဆုံးမှာ အရပ်သားများဖြစ်ကြသည်။ ၂၀၁၇ ခုနှစ်အတွင်း စစ်ဆင်ရေးများတွင် ထိခိုက်မှု ၁၁ ခုသာ ရှိသည်ဟု မှတ်တမ်းရှိသည်။ ၂၀၁၇ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရမှု စုစုပေါင်း အနက် ကချင်ပြည်နယ်တွင် ၅၄ ဦး၊ ရခိုင်ပြည်နယ်တွင် ၃၇ ဦးနှင့် ရှမ်းပြည်နယ်တွင် ၆၇ ဦး အသီးသီးရှိခဲ့သည်။

၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်းထိခိုက်ဒဏ်ရာရမှု စုစုပေါင်းအရေအတွက်သည် ၂၀၁၆ ခုနှစ်အတွင်း မိုင်းနှင့် စစ်အတွင်း ကြွင်းကျန်ရစ်သောပေါက်ကွဲစေသောပစ္စည်းများကြောင့်ထိခိုက်ဒဏ်ရာရသူ ၂၉၈ ဦးရှိခဲ့သဖြင့် လျော့နည်းခဲ့သည်။ သို့သော် ၂၀၁၇ ခု စုစုပေါင်းအရေအတွက်သည် ၂၀၁၅ ခုနှစ်အတွင်း ထိခိုက်ဒဏ်ရာရမှု ၁၅၉ ဦးနှင့် အလားတူသည်။ ထိုအရေအတွက် ၂၀၁၄ ခုနှစ်အတွင်း မိုင်းနှင့် စစ်အတွင်း ကြွင်းကျန်ရစ်သော ပေါက်ကွဲစေ သောပစ္စည်းများကြောင့်ထိခိုက်ဒဏ်ရာရသူ ၂၅၁ ဦးဖြင့်ယှဉ်ကြည့်ပါက သိသိသာသာ ကျဆင်းသွားသော အရေ အတွက်ဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း UNICEF က မှတ်တမ်းကောက်ယူသော ၁၇၆ ဦးနှင့်ယှဉ်လှင် အနည်းငယ် များ သည်။[65]

လက်တွေ့ ထိခိုက်ဒဏ်ရာရရှိမှု အနေရအတွက်သည် ပိုများနိုင်သည်ဟု မေ ျှာ်လင့်သည်။ မိုင်းအရေး ဆောင်ရွက်သူ အရေအတွက် နှင့် မိုင်းသင့်ပြည်သူများအကူအညီပေးသည့် အစီအစဉ်များ ပိုများလာသော်လည်း ထိခိုက်ဒဏ်ရာရမှု စနစ်တကျ အမျိုးသားကိန်းဂဏန်းကောက်ယူမှုမရှိသည်ကို တွေ့ရသည်။ တရားဝင်အချက်အလက် ကောက်ယူသော လုပ်ငန်းယန္တရားမရှိခြင်း၊ အခြေခံအစီရင်ခံရေသားခြင်းပုံစံ သို့မဟုတ် အချက် အလက် ဖလှယ်ခြင်း နည်းလမ်းမရှိခြင်း၊ Monitor အဖွဲ့သို့ မတူညီသော သတင်းအရင်းအမြစ်မှ နှစ်စဉ် အချက် အလက်များ ရရှိသောကြောင့် ယွှုအစီရင်ခံမှုသည် တတိုင်းပြည်လုံးတွင် ဖြစ်ပေါ်ခဲ့သော မိုင်း နှင့် စစ်အတွင်း ကြွင်းကျန် ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများကြောင့် သေဆုံးထိခိုက် ဒဏ်ရာရမှု အပြည်အစုံကို ထင်ဟပ်ခြင်းမရှိဟု ယုံကြည်ရသည်။[66]

စစ်တပ်နှင့် တခြားလက်နက်ကိုင်များ ထိခိုက် သေဆုံးမှု အရေအတွက် မသိရနိုင်ပေ။ သို့သော် အရေအတွက် များ နိုင်သည်ဟု ယုံကြည်ရသည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက တပ်မတော်သားများ ကျဆုံး၊ ထိခိုက် ဒဏ်ရာရခြင်း တခြားအကြောင်းရင်းများအနက် အဓိကအကြောင်းရင်းမှာ မြေမြှုပ်မိုင်းကြောင့်ဖြစ်သည်ဟု မြေမြုပ်မိုင်း စောင့်ကြည့်ရေးအဖွဲ့သို့ ပြောကြားခဲ့သည်။ သို့သော် အကယ်၍ ထိခိုက်မှုကိန်းဂဏန်းကို သူဖေါ်ပြပါက " ကျွန်တော်တို့ရန်သူကို စိတ်ပိုင်းဆိုင်းရာ လက်နက်အဖြစ် အသုံးပြုခွင့်ပေးသလိုဖြစ်သွားမှာပေါ့။" ဟူ၍ ၎င်းအရာရှိက ပြောသည်။ [67] ယခင် Monitor အဖွဲ့က ယခင်အစီရင်ခံစာများတွင် စစ်ဖက်ဆိုင်ရာထိခိုက်ဒဏ်ရာရမှု များသည်ဟုဖေါ်ပြခဲ့သော်လည်း ယခုအချိန်အထိ ၎င်းစစ်ရေးမှတ်တမ်းများကို အများပြည်သူ သိခွင့်မရှိသေးပေ။ [68]

၂၀၁၈ ခုနှစ်တွင် အစိုးရအရာရှိတချို့သည် မြေမြုပ်မိုင်းထိခိုက်ဒဏ်ရာရမှုများဆိုင် ကန့်သတ် သတင်းအချက်အလက်ကို စတင်ထုတ်ပြန်ခဲ့သော်လည်း အချက်အလက်များ မည်သို့ စုဆောင်းခဲ့ပုံကို ပြောဆိုခြင်းမရှိသည့်အပြင် ကိန်းဂဏန်း များသည် ပြည့်စုံခြင်းမရှိပေ။ ဥပမာ ၂၀၁၈ ခုနှစ် သြဂုတ်လတွင်၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစ၍ ကချင်ပြည်နယ် ရဲတပ်ဖွဲ့သည် မြေမြုပ်မိုင်းကြောင့် သေဆုံးသူ ၈ ဦး နှင့် ထိခိုက်ဒဏ်ရာရမှု ၇၄ ဦးကို မှတ်တမ်းတင် ထားသည်ဟု သိရ သည်။[69] ၂၀၁၈ ခုနှစ် ဖွန်လတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဧပြီလအထိ မြန်မာနိုင်ငံတွင် မြေမြုပ်မိုင်းကြောင့် အသက်ဆုံးရှုံး ထိခိုက်ဒဏ်ရာရသူ ၉ ၅ ဦးရှိသည်ဟု ပြောဆိုသည်။

---

[65] Nyein Nyein, "Landmine Campaigners Urge Action as Casualties Continue to Rise," *The Irrawaddy*, 4 April 2018. Of the 176 casualties reported by UNICEF, 52 died and 124 were injured. UNICEF stated that women and children accounted for 43% of the casualties. Landmine Monitor includes UNICEF and UNHCR data and has been crosschecked for duplicate reporting.

[66] See also, Roger Fasth and Pascal Simon (Danish Demining Group), "Mine Action in Myanmar," *The Journal of Mine and ERW Action*, Issue 19.2, July 2015.

[67] Landmine Monitor meeting with Col. (rtd) Min Htike Hein, Deputy Permanent Secretary for the Minister of Defence, Ministry of Defence, Naypyitaw, 29 June 2018.

[68] See the 2009 edition of the Monitor report for Myanmar available on the Monitor website. Unprecedented levels of information on military casualties were received in 2008 from the State Peace and Development Council; 508 military casualties were identified. Information from this source has not been made available any other year.

[69] Tun Lin Aung, "Kachin state is in danger of landmine," *Myanmar Eleven*, 6 August 2018.

ထိုကိန်းဂဏန်းကို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ရရှိသည်ဟုလည်း ဝန်ကြီးက ပြောဆိုသည်။[70] ကချင်လွတ်လပ်ရေးအဖွဲ့၏ အဆိုအရ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ မေအထိ မြေမြုပ်မိုင်းကြောင့် အရပ်သား ပြည်သူ ၃၉ ဦး ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများ ရှိသည်ဟု တွေ့ရသည်။[71]

ထို့အပြင် ၂၀၁၅ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်တွင် မြေမြုပ်မိုင်းကြောင့် ပြည်သူပေါင်း ၂၉၈ ဦး ထိခိုက်ဒဏ်ရာရခြင်း သို့မဟုတ် အသက်သေဆုံးခြင်း ရှိခဲ့သည်ဟု လူမှုဖူလုံရေး၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက အစီရင်ခံ ထုတ်ပြန်ခဲ့သည်။ ထို့ကြောင့် "သုံးရက်လ ၂ျင် တကြိမ်" မြေမြုပ်မိုင်းထိခိုက်မှုတစ်ခု ရှိခဲ့သည်။ "မြေမြုပ်မိုင်းသင့်ပြည်သူ သုံးဦးအနက် တစ်ဦးသည် ကလေးတစ်ဦးဖြစ်ပြီး လေးဦးတွင် တစ်ဦး သေဆုံးသည်"ဟု အစီရင်ခံစာတွင် ဝန်ကြီးဌာနကို ကိုးကား၍ ဖေါ်ပြထားသည်။[72] ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနက ပထမဆုံး အကြိမ်အဖြစ် မြေမြုပ်မိုင်းကြောင့် ဆုံးရှုံးနစ်နာမှုများဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ခဲ့သည်။ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၆ ခုနှစ် ဖွန်လအထိ ၁၈ လအတွင်း မြန်မာနိုင်ငံအတွင်း ပြည်သူပေါင်း ၁၀၁ ဦးသည် လူသတ်မြေမြုပ်မိုင်းကြောင့် အသက်သေဆုံးခဲ့ရသည်ဟု ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ၎င်းတို့အနက် ၇၄ ဦးသည် ကချင်ပြည်နယ်တွင်သော်လည်းကောင်း၊ ၁၄ ဦးသည် ရှမ်းပြည်နယ်တွင် သော်လည်းကောင်း၊ ၁၁ ဦးသည် ချင်းပြည်နယ်တွင်သော်လည်းကောင်း၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်များတွင် ၁ ဦးစီ ဖြစ်ကြောင်း တွေ့ရသည်။ ထိုကိန်းဂဏန်းသည် အရပ်သားထိခိုက်မှုသာ ဖြစ်၍ စစ်ဖက်ဆိုင်ရာ နှင့် တခြား လက်နက်ကိုင် ထိခိုက်မှုများ ပါဝင်သည့်ပုံစံ မတွေ့ရပေ။ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌနာသည် ထိခိုက်ဒဏ်ရာရသည့် လူဦးရေနှင့်ပတ်သက်သော အချက်အလက်ပေးခြင်း မရှိပေ။ [73]

ယမန်နှစ်များကဲ့သို့ပင် အနာဂါတ်လားရာများကို ဖေါ်ထုတ်ရန် သို့မဟုတ် ထိခိုက်ဒဏ်ရာရမှု သတင်း အချက်အလက် အသေးစိတ်များကို မူရင်းသတင်းအမြစ်က မှန်မှန်ကန်ကန် မှတ်တမ်းတင်ခြင်းရှိမရှိ သတ်မှတ်ရန်အတွက် လက်ခံရရှိသည့် အချက်အလက်များသည် ပြည့်စုံခြင်းမရှိပေ။ လက်တွေ့တွင် ထိခိုက် ဒဏ်ရာရမှု အရေအတွက်သည် ပိုများနိုင်သည်။

မြန်မာနိုင်ငံတွင် ထိခိုက်ဒဏ်ရာရမှု စုစုပေါင်းကိန်းဂဏန်းကို မသိရနိုင်ပေ။ ၁၉၉၉ ခုနှစ်မှစ၍ ၂၀၁၇ ခုနှစ် နှစ် ကုန် အထိ ထိခိုက်ဒဏ်ရာရမှု စုစုပေါင်း ၄၁၉၃ ဦး (၅၃၇ ဦးသေဆုံး၊ ၃၅၈၃ ဦး ဒဏ်ရာ၊ ၁၁၈ ဦး မသိရ။) ရှိကြောင်း စောင့်ကြည့်လေ့လာရေးအဖွဲ့ Monitor က အစီရင်ခံခဲ့သည်။

၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် ဆင်တစ်ကောင် မြေမြုပ်မိုင်းထိခဲ့သည်ဟု အစီရင်ခံမှုရှိခဲ့သည်။ နှစ်နိုင်ငံနယ်မိတ်တွင် မြန်မာနိုင်ငံလုံခြုံရေးတပ်ဖွဲ့များထောင်သော မိုင်းကို နင်းမိသဖြင့် ဆင်တစ်ကောင် သေဆုံးခဲ့ရသည်ဟု ဘင်္ဂလားဒေ့ရှ်အာဏာပိုင်များက ယုံကြည်ခဲ့သည်။ ဆင်အုပ်သည် နှစ်နိုင်ငံနယ်စပ်နှစ်ခုစလုံးကို အမှီပြု၍ နေထိုင်သဖြင့် လတ်တလောထောင်ထားသောမိုင်းများကြောင့် ၎င်းဆက်လက်ရပ်တည်ခြင်းအတွက် ခြိမ်းခြောက်မှု ဖြစ်နေသည်ဟု ဘင်္ဂလားဒေ့ရှ်သစ်တောဌာန အာဏာပိုင်များက ပြောဆိုခဲ့သည်။ [74]

**ထိခိုက်နစ်နာသူများအတွက် အကူအညီ စီမံကိန်း နှင့် တာဝန်ခံညှိနှိုင်းဆောင်ရွက်မှုများ**

| | |
|---|---|
| အစိုးရ၏ ဆက်သွယ်ဆောင်ရွက်မည့်ဌာန | လူမှုဖူလုံရေး၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးနှင့် မသန်စွမ်းသူများကူညီစောင့်ရှောက်ရေးဌာန |

[70] Ying Tai, "Shan State, Kachin State record highest number of landmine fatalities," *Shan Hearld Agency for News*, 29 June 2018.

[71] "The 7th Anniversary of the Renewed Kachin War: An Update," *Kachinland News*, 9 June 2018.

[72] "On Mine Awareness Day, Myanmar govt allocates $6m for landmine clearance," *Coconuts Yangon*, 5 April 2017.

[73] "Over 100 landmine fatalities since January 2015," *Global New Light of Myanmar*, 19 August 2016.

[74] Anwar Hussain, "Myanmar army's landmines put elephants at risk," *Dhaka Tribune* (Chittagong), 26 November 2017.

| | |
|---|---|
| တာဝန်ခံညှိနှိုင်းဆောင်ရွက်ခြင်းယန္တရား | လူသားချင်းစာနာမှုနှင့်အားလုံးပါဝင်မှု (HI) အဖွဲ့ တာဝန်ခံညှိနှိုင်းပေးသော အမျိုးသားထိခိုက်နစ်နာသူများအကူအညီပေးရေးနည်းပညာအဖွဲ့သည် လူမှုဖူလုံရေး၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော အမျိုးသားအဆင့်မိုင်းအန္တရာယ် လျော့ချရေးလုပ်ငန်းအဖွဲ့(MRWG) အောက်တွင် ပါဝင်သော ပြည်တွင်းနှင့် နိုင်ငံတကာ ထိခိုက်နစ်နာသူများအကူအညီပေးရေးဆောင်ရွက်နေသူများကို စုစည်းသည်။ |
| မသန်စွမ်းသူများဆိုင်ရာကဏ္ဍများ စုစည်းမှု | လူမှုဖူလုံရေး၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦးက မြန်မာနိုင်ငံသည် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (CRPD)ကိုအခြေခံ၍ အမျိုးသားမသန်စွမ်းသူများအရေးဥပဒေ နှင့် အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ခြင်း မဟာဗျူဟာတွင် ထည့်သွင်းဆောင်ရွက်ပြီး ထိခိုက်နစ်နာသူများ အကူအညီပေးခြင်းအတွက် တစုံလုံးချည်းကပ်မှုတစ်ခု ဆောင်ရွက် နေကြောင်း ပြောဆိုသည်။ [75] |
| အသက်ရှင်ကျန်ရစ်သူများ ထည့်သွင်းခြင်းနှင့် ပါဝင်ဆောင်ရွက်ခြင်း | မိုင်း/စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများကြောင့် ထိခိုက်နစ်နာသူများ၏ တိုက်ရိုက်ကိုယ်စားပြုမှုမရှိ။သို့သော် DPOs များတွင် ပါဝင်ဆောင်ရွက်သော အသက်ရှင်ကျန်ရစ်သူများသည် များစွာသော တာဝန်ခံညှိနှိုင်းဆောင်ရွက်ခြင်းအခန်းကဏ္ဍများတွင် ပါဝင်ကြသည်။ |

၂၀၁၇ ခုနှစ် ဇွန်လတွင် အာရှဒေသ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (ESCAP) သည် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှင့်ပူးပေါင်း၍ မသန်စွမ်းမှုကိန်းဂဏန်းအချက်အလက် အမျိုးသား အဆင့် ဆွေးနွေးညှိနှိုင်းရေးနှင့် အင်ချုံးမဟာဗျူဟာ ညွှန်းကိန်းများဆွေးနွေးမှုကို စီစဉ်ကျင်းပခဲ့သည်။ ဆွေးနွေးညှိနှိုင်းမှုတွင် မသန်စွမ်းမှုဝါဒ နှင့် အချက်အလက်ကောက်ယူမှုတွင် တိုးတက်မှု၊ စိန်ခေါ်ချက်များနှင့် ကွာဟမှုများ ကို ပြန်လည်သုံးသပ်ခဲ့သည်။[76]

၂၀၁၅ ခုနှစ်တွင် ဒိန်းမတ်မိုင်းတူးဖော်ရေးအဖွဲ့/ဒိန်းမတ်ဒုက္ခသည်ကောင်စီ (DDG/DRC) သည် "မြေမြုပ်မိုင်းနှင့် စစ်အတွင်းကြွင်းကျန် ရစ်သော ပေါက်ကွဲစေသည့် ပစ္စည်းများ၏ ထိခိုက်ခံရသူများဆိုင်ရာ စစ်တမ်း" တခုကို ကချင် ပြည်နယ် နှင့် ကယား ပြည်နယ်တွင် ဆောင်ရွက်ခဲ့ သည်။ထိုစစ်တမ်းတွင် လိုအပ်ချက်လေ့လာမှုနှင့် အနာဂါတ် လုပ်ငန်းများအတွက် ဖြစ်နိုင်ချေ အခွင့်အလန်းများအပေါ် ပြန်လည်သုံးသပ်ချက်များပါ ထည့်သွင်းခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် စစ်တတမ်းရလဒ်များကို ဆက်လက်မျှဝေခဲ့သည်။ [77]

## ဥပဒေများ နှင့် မူဝါဒများ

၂၀၁၈ ခုနှစ် ဇူလိုင်လတွင် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရချထားရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ် ဇွန်လ တွင် အတည်ပြုပြဌာန်းခဲ့သော ပြည်ထောင်စုလွှတ်တော်က မသန်စွမ်းသူများအခွင့်အဆိုင်ရာ ဥပဒေ၏ အားလုံးစောင့်ဆိုင်းသော နည်းဥပဒေများ ထွက်ပေါ်လာခဲ့သည်။ နည်းဥပဒေများရေးဆွဲခြင်းလုပ်ငန်းစဉ်ကို ဥပဒေထွက်ပြီး နှစ်နှစ်အကြာ ၂၀၁၇ ခုနှစ်ဒီဇင်ဘာလမှ ဝန်ကြီးဌာနက ပြဌာန်းခဲ့ခြင်း ဖြစ်သည်။[78] ဥပဒေတွင် ရုပ်ပိုင်းဆိုင်ရာ၊ အမြင်အာရုံ၊ အကြားအာရုံ၊

[75] Presentation by Dr San San Aye, Deputy Director General of the Department of Social Welfare, Ministry of Social Welfare, Relief, and Resettlement, Meeting of National Mine Action Programme Directors, Geneva, 17 February 2015.

76 "National stakeholder consultation on disability data collection in Myanmar 27-29 June 2017," Nay Pyi Taw, Myanmar.

[77] Roger Fasth and Pascal Simon, DDG, "Mine Action in Myanmar," *The Journal of Mine and ERW Action*, Issue 19.2, July 2015; DDG, "'DDG study aims to counter rise in victims from mines in Myanmar," 16 January 2018; and DDG, "Epidemiological Study of Landmine/ERW Victims in Kachin, Kayah and Shan States, Myanmar," 31 July 2017

[78] "After delay, Disability Rights rules and regulations published," *The Myanmar Times*, 13 July 2018.

ညာဏ်ရည်နိမ့်ကျသူ နှင့် စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူများကို အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ တရားရေးစနစ် နှင့် တခြား ဝန်ဆောင်မှုများတွင် ခွဲခြားဆက်ဆံခြင်းကို တားမြစ်သည်။ မသန်စွမ်းသူများသည် အများပြည်သူ သယ်ယူပို့ဆောင်ရေး ကို အသုံးပြုနိုင်အောင် အစိုးရက ဆောင်ရွက်ပေးရမည်ဟု ဥပဒေကလမ်းညွှန်သည်။ [79]

၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် မြန်မာအစိုးရသည် ပြည်နယ်လေးခုရှိ မြို့နယ် ကိုးမြို့နယ်တွင် ကနဦးစမ်းသပ်လုပ်ငန်းအစီအစဉ်အဖြစ် မသန်စွမ်းသူများကို လစဉ်ထောက်ပံ့ပေးမှု စတင်ခဲ့သည်။ တနိုင်ငံလုံးအထိ ဆောင်ရွက်ပေးရန် ရည်ရွယ်ထားသည်။[80] ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် မြန်မာနိုင်ငံသည် အမျိုးသားလူမှုရေးဆိုင်ရာ အကာအကွယ်ပေးရေး မဟာဗျူဟာစီမံကိန်းကို လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတဆင့် ပြဋ္ဌာန်းကာ စတင် ခဲ့သည်။ မသန်စွမ်း သူများ သတ်မှတ်ထား ခြင်းခံရသူအားလုံးကို ယင်းအစီအစဉ်မှ ထောက်ပံ့ငွေ ပေးမည်ဖြစ်သည်။[81]

မသန်စွမ်းစစ်မှုထမ်းဟောင်းများသည် ဦးစားပေးအဆင့်နှင့် အကျိုးခံစားခွင့်ရှိသည်။ ပုံမှန်အားဖြင့် တူညီသော လစာနှုန်းထားနှင့် အစိုးရဌာနဆိုင်ရာလုပ်ငန်းများတွင် ဖြစ်သည်။ စစ်မှုထမ်းဟောင်း မဟုတ်သော မသန်စွမ်းသူများအတွက် တရားဝင်အကူအညီသည် ယာယီမသန်စွမ်းဖြစ်သူအတွက် လစာ၏ သုံးပုံနှစ်ပုံကို တနှစ်စာပေးပြီး၊ ထာဝရမသန်စွမ်းသူများအတွက် အခွန်လွတ် ထောက်ပံ့ငွေ ပေးသည်ဟု မှုအားဖြင့် ရှိသည်။ စစ်မှုထမ်းဟောင်းများနှင့် ၎င်းတို့မိသားစုမှ အခမဲ့ရယူနိုင်သော စစ်တပ်က တည်ဆောက် ပေးထားသော ဒါဇင်ပေါင်းများစွာ လူနေအိမ်ယာများရှိသည်ဟု ယုံကြည်ရသည်။ သို့သော် ကိုယ်လက်ဆုံးရှုံးခဲ့သော သာမန် စစ်သားများသည် အလုပ်အကိုင်အခွင့်အလန်းမရှိ၊ ဝင်ငွေရလမ်းနည်းသော အလွန်အလှမ်းဝေးသည့်နေရာများတွင် နေကြရသည်။ သာမန်စစ်သားများအဖို့ လုပ်ငန်းအခွင့်အလန်း နှင့် ဝင်ငွေရပေါက်လမ်းများ နည်းပါးသည်။ အခမဲ့အိုးအိမ်များသည် ပုံမှန်အားဖြင့် အလုပ်အကိုင်မရနိုင်သော၊အခြေခံဝန်ဆောင်မှုများဖြစ်သော ရေ နှင့် လျှပ်စစ် များမရှိသော နေရာများတွင် တည်ရှိ လေ့ရှိသည်။[82]

ဝန်ကြီးဌာနအဆင့် ကော်မတီဖြစ်သော အမျိုးသားအဆင့် မသန်စွမ်းသူများဆိုင်ရာ အခွင့်အရေးကော်မတီသည် မသန်စွမ်းသူများအခွင့်အရေးမြှင့်တင်ရေးအတွက် တာဝန်ပေးအပ်ထားသော ကော်မတီဖြစ်သည်။ မသန်စွမ်းသူများ၏ ဘဝနေထိုင်မှုကို ကာကွယ်ရန်၊မြှင့်တင်ရန်လည်း တာဝန်ရှိသည်။ မသန်စွမ်းအခွင့်အရေးဥပဒေပါ အချက်များကို အကောင်အထည်ဖော်ခြင်း၊ အမျိုးသားအဆင့် မူဝါဒနှင့် လမ်းညွှန်ချက်များ ချမှတ်ခြင်းများလည်း ပါဝင်သည်။ အစိုးရ၏ သဘောတူညီချက်နှင့်အတူ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရများ၊ မြူနီစီပယ်ကော်မတီများနှင့် တာဝန်ခံညှိနှိုင်းဆောင်ရွက်ခြင်းတို့ ဖြစ်သည်။[83]

## ၂၀၁၇ ခုနှစ် - ၂၀၁၈ ခုနှစ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများ

### *ဆေးဖက်ဆိုင်ရာ စောင့်ရှောက်မှုနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်း*

ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ကျန်းမာရေးဌာနတစ်ခုဖြစ်သော ကရင်ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာန (KDHW) က ကျန်းမာရေးလုပ်သားများအတွက် ဆေးမှုးသင်တန်း ပေးခဲ့ကြောင်းနှင့် KNU ထိန်းချုပ်ဒေသများတွင် ကျန်းမာရေးဝန်ဆောင်မှုများပေးရန် လေ့ကျင့်ပေးထားသောဆေးမှုးများ ပိုလိုအပ်သည်ဟု အစီရင်ခံခဲ့သည်။ [84] ၂၀၁၇ ခုနှစ်စ၌ HI သည် KDHW နှင့် ပါတနာအဖွဲ့အစည်းအဖြစ် ဦးဆောင်ဆောင်ရွက်လာခဲ့ပြီး အရှေ့တောင်ဖက်ခြမ်းနှင့်

---

[79] US Department of State, "2016 Country Reports on Human Rights Practices: Burma," Washington, DC, March 2017.

[80] Monthly assistance payments of K16,000 to K30,000 depending on. A disabled child will get K16,000 per month and K30,000 for a disabled adult up to 64 years old. The project pilot areas are the East Dagon township of Yangon Region, Pathein and Kangyi Taung townships of Ayeyarwaddy Region, Monywa, Ayardaw and Chaung Oo townships of Sagaing Region and Thaton and Paung townships of Mon State. Htoo Thant, "Government to start disability payments," Myanmar Times, 16 November 2017.

81 ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ "မြန်မာနိုင်ငံအမျိုးသားလူမှုရေးကာကွယ်ပေးမဟာဗျူဟာ အစီအစဉ်။" ဒီဇင်ဘာ ၂၀၁၄။ စာ ၅၃။ မသွန်စွမ်း သူများဥပဒေ မပြဋ္ဌာန်းမပြီးသရွေ့ ထောက်ပံ့ကြေးငွေ မရနိုင်သေး နှင့် အစိုးရသည် တရားဝင်သတ်မှတ်ခြင်းလုပ်ငန်းစဉ်ကို အကောင်အထည် ဖော် မည်။

[82] Htet Khaung Linn, "On society's fringes, disabled Tatmadaw veterans languish in poverty," *Myanmar Now*, 11 October 2016.

[83] President's Office, Myanmar, "Gov't to speed up work for rights for disabled," 29 December 2017

[84] "Health workers are still needed in KNU areas, KDHW says," *BNI*, 5 September 2018.

ကချင်ပြည်နယ်တို့အတွင်း ပဋိပက္ခအခြေအနေကို တုန့်ပြန်ဆောင်ရွက်ခြင်းအားဖြင့် အစိုးရနှင့် အစိုးရ ထိန်းချုပ်ခြင်းမရှိသော ဒေသများတွင် အထောက်အပံ့များ ပေးသည်။ [85]

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ICRC သည် ကျန်းမာရေးဌာနနှင့် ဆက်သွယ်ရေးစခန်း ၂၅ ခုကို ထောက်ပံ့ခဲ့ သည်။ လက်နက်ကိုင်အဖွဲ့များ ထိန်းချုပ်သော ဒေသများအတွင်းရှိတည်ရှိသော ဌာနများပါ ပါဝင်သည်။ ICRC သည် ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးဝန်ကြီးဌာန၏ အရေးပေါ်လူနာပို့ဆောင်ရေးစနစ်နှင့် ပြင်ပလူနာလွှဲပြောင်းရေး ဝန်ဆောင်မှုများ အတွက် ငွေကြေးထောက်ပံ့သည်။ထို့ကြောင့် လူမှုအသိုင်းအဝန်းဝင်များစွာသည် အထွေထွေ ရောဂါကုဆေးရုံနှင့် တခြားဝန်ဆောင်မှုများကို လုံခြုံစွာ၊ အချိန်မှီ အသုံးချနိုင်ခဲ့သည်။ [86]

၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် Exceed Worldwide သည် မန္တလေးအရိုးအထူးကုဆေးရုံတွင် ခြေတု-လက်တုဌာနအသစ်တစ်ခု ဖွင့်လှစ်ခဲ့သည်။ ဂျပန်နိုင်ငံမှ အထောက်အပံ့နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးတွဲ၍ တည်ထောင်ခဲ့သော ထိုဌာနသည် မန္တလေး နှင့် အနီးဝန်းကျင် တိုင်းဒေသကြီး၊ ပြည်နယ်များမှ လိုအပ်သော ပြည်သူများအတွက် ခြေတုလက်တု ဝန်ဆောင်မှုများ ပေးရန် စီစဉ်ခဲ့သည်။ [87]

၂၀၁၆ ခုနှစ်အောက်တိုဘာလတွင် ကချင်ပြည်နယ်တွင် မြစ်ကြီးနားရုပ်ပိုင်းဆိုင်ရာပြန်လည်ပြုစုပျိုးထောင်ရေး ဌာနကို ဖွင့်လှစ်ခဲ့သည်။ IRC နှင့် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနအကြား ပူးပေါင်းဆောင်ရွက်မှုမှတဆင့်ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ ကုတင် ၆၀ ဆန့် ဌာနသည် အပြည့်အဝ လည်ပတ်နိုင်ပြီဆိုပါက တနှစ်လျှင် လူနာ ၁၅၀၀ အတွက် ခြေတုလက်တု နှင့် ပြန်လည်ပျိုးထောင်ရေးများ ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ခဲ့သည်။[88] ၂၀၁၇ ခုနှစ် နှစ်စပိုင်းတွင် ရှမ်းပြည်နယ် က ျိုင်းတုံတွင် ပထမဦးဆုံး ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးဌာနတစ်ခုကို တရားဝင်ဖွင့်လှစ်ခဲ့သည်။ ဌာနအပြည့်အဝ လည်ပတ်နိုင်ပါက တစ်နှစ်လျှင် ခြေတုလက်တု လူနာ ၉၁၀ ဦး၊ လမ်းလျှောက်အကူကိရိယာများနှင့် စိတ်ပိုင်းဆိုင်ရာကုထုံးများပါ ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်မှန်းခဲ့သည်။ [89] ၂၀၁၆ ခုနှစ်တွင် ICRC က တင်ပြသော ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ပြုစု ပျိုးထောင်ရေး ဌာနအသစ်နှစ်ခုညဆောက်ရန် အဆိုပြုချက်ကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနက အတည်ပြုပေးခဲ့သည်။ ၎င်းဌာနများသည် ပဋိပက္ခဖြစ်ပွားနေသော ဒေသများအတွင်း ဝန်ဆောင်မှုလိုအပ်နေသော ပြည်သူများ အတွက် ဖြေရှင်းပေးရန် ရည်ရွယ်ပြီး မြေမြုပ်မိုင်းသင့်ပြည်သူများအတွက်ပါ ဖြစ်သည်။ [90] ICRC နှင့် National Society တို့က ပူးတွဲဆောင်ရွက်သော လွှဲပြောင်းရေး စနစ်သည် ဌာန သို့မဟုတ် ဝန်ဆောင်မှု ကတဆင့် မသန်စွမ်းပြည်သူများကို ၎င်းတို့လူမှုအသိုင်းအဝန်းများနှင့် အနီးစပ်ဆုံးသော ICRC ရွှေ့ပြောင်းအလုပ်ရုံ သို့မဟုတ် ပြန်လည်ပြုပြင်ရေးဌာနများနှင့်ပတ်သက်၍ ကူညီလွှဲပြောင်းပေးသည်။

### *လူမှုစီးပွားရေးနှင့် စိတ်ပိုင်းဆိုင်ရာကုစားမှု ထည့်သွင်းခြင်း*

မိုင်း/ စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသောပစ္စည်းများထိခိုက်ပြီး အသက်ရှင်ကျန်ရစ်သူ အများစုသည် ၎င်းတို့မိရိုးဖလာမြင်တွေ့နေရသော အလုပ်အကိုင်များကိုစွန့်လွှတ်ပြီး လိုအပ်သော အစားထိုးအသက်မွေးဝမ်းကြောင်းများနှင့် အသက်မွေးဝမ်းကြောင်း သင်တန်းများဖက်သို့ ဦးတည်လာသည်။[91] DRC/DDG သည် ပဋိပက္ခသတ်ရောက်မှုရှိသော လူမှုအသိုင်းအဝန်းများ နှင့် မိုင်း/ စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသောပစ္စည်းများထိခိုက်သော လူမှုအသိုင်းအဝန်းများ အတွက် အသက်မွေးဝမ်းကြောင်းမှုများ ကူညီထောက်ပံ့သည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းသင်တန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်း အထောက်အပံ့များကိုပါ မိုင်း/ စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသောပစ္စည်းများကြောင့် ထိခိုက်နစ်နာရသူများ အတွက်ပါ ထောက်ပံ့ပေးခဲ့သည်။[92] အကူအညီ

---

85 HI, "Federal Information – Country Card: Myanmar," September 2018.

86 ICRC, "Annual Report 2017," Geneva 2018, p. 327.

87 "PO Center officially launched in Mandalay," Yadanabon News, 18 January 2017.

88 "Standing strong: New facility to help Myanmar landmine victims, amputees," Channel News Asia, December 2016; and ICRC, "New centre brings physical rehabilitation services to northern Myanmar," 29 November 2016.

89 ICRC, "Myanmar: New centre brings physical rehabilitation services to Shan State," 9 March 2017.

90 ICRC PRP, "Annual Report 2014," Geneva, 2015, p. 58.

91 DDG, "DDG Study Aims to Counter Rise in Victims from Mines in Myanmar," 16 January 2018.

92 DRC/DDG, "Factsheet Kayah State, 2018," 2018.

နှင့်ကယ်ဆယ်ထောက်ပံ့ရေး အသင်း (AAR – Japan)၊ မသန်စွမ်း သူများအတွက် အသက်မွေး ဝမ်းကြောင်း သင်တန်းဌာနမှ စက်ချုပ်သင်တန်း၊ ဆံပင်အလှပြင် သင်တန်း၊ ကွန်ပြူတာသင်တန်းများကို ရန်ကုန်မြို့တွင် အခမဲ့ ဆက်လက်သင်ကြားပေးသည်။ [93] ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် မြန်မာပြည်စီးပွားရေး ကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB) နှင့် AAR ဂျပန်သည် လူကယ်ပြန်ဝန်ကြီးဌာန၏ ပြန်လည်ထူထောင်ရေးဌာန၏ အကူအညီနှင့်အတူ မသန်စွမ်းသူများအလုပ်အကိုင်ခန့်အပ်ရေး လက်စွဲစာအုပ်မူကြမ်းနှင့်ပတ်သက်၍ အကြံပြုချက် ရယူရန် အစည်းအဝေးတစ်ခု ကျင်းပခဲ့သည်။ လူကယ်ပြန်ဝန်ကြီးဌာနမှ အဆင့်မြင့်ကိုယ်စားလှယ်များ၊ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့် ကိုယ်စားလှယ်များ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိများ ပါဝင်ခဲ့သည်။ ထို့အပြင် လူမှုဖူလုံရေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူမှုဝန်ထမ်း၊ ကျန်းမာရေးနှင့် အားကစား၊ပညာရေး၊ ယဥ်ကျေးမှု၊ စက်မှုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ မြန်မာနိုင်ငံအမျိုးသမီး ရေးရာကော်မတီ၊ စစ်ပြန်စစ်မှုထမ်းဟောင်းအသင်း နှင့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ လုပ်ငန်းကော်မတီ မှ ကိုယ်စား လှယ်များပါ ပါဝင်တက်ရောက်ခဲ့သည်။[94] မြန်မာနိုင်ငံရုပ်ပိုင်းဆိုရာမသန်စွမ်းသူများ အစည်းအရုံး (MPHA) နှင့် တွဲဖက်ပြီး မြန်မာနိုင်ငံ အရှေ့တောင်ဖက် ပဲခူးအရှေ့ဖက်ခြမ်း ဒေသ နှင့် ကရင်ပြည်နယ် မြို့နယ်သုံးခုစလုံးရှိ အမေရိကန်အစိုးရ ထောက်ပံ့ငွေဖြင့် လည်ပတ်သော မြန်မာနိုင်ငံ လူသားချင်းစာနာသော မိုင်းအရေးဆောင်ရွက်ခြင်းလုပ်ငန်း၊ ပရောဂျက်အားလုံးတွင် အားလုံးပါဝင်မှုရှိသော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှင့် လူသားလုံခြုံမှုလုပ်ငန်းများကို ဆောင်ရွက်သည်။ မြို့နယ်တစ်မြို့နယ်စီတွင် ဆောင်ရွက်နေသော မိုင်းသင့်ပြည်သူ အကူအညီပေးခြင်း အစီအစဉ်ကို မန်နေဂျာနစ်ဦးက အဓိက ဦးဆောင်ပြီး လုပ်ငန်းခေါင်းစဉ်တစ်ခုချင်းစီအတွက် လုပ်အားပေးအဖွဲ့များက ပံ့ပိုးပေးသည်။ လုပ်ငန်းခေါင်းစဉ်များမှာ စိတ်ကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊ လက်တွေ့ ပြန်လည်ပြုစုပျိုးထောင်ခြင်းနှင့် အထောက်အကူပြု ကိရိယာများပြင်ဆင်ပေးခြင်း များဖြစ်သည်။ [95]

ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တွင် အဖွဲ့ဝင်ခြောက်ဆယ်ပါဝင်သော ကိုယ့်အားကိုယ်ကိုးအလုပ်အဖွဲ့ ၁၀ ဖွဲ့ ကို World Education အဖွဲ့က တည်ထောင်ပေးခဲ့သည်။ ၂၀၁၇ ခုနှစ် ၂၀၁၈ ခုနှစ်အတွင်း World Education သည် ကယားပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းလမ်းညွှန်ပေါင်း ၂၅၀၀ ကို စုစည်း၊ ဘာသာပြန်၊ ထုတ်ဝေ၊ဖြန့်ချိပေးခဲ့သည်။ လမ်းညွှန်များကို အစိုးရ၊ လူထုလူမှုအသိုင်းအဝန်းအဖွဲ့အစည်းများနှင့် မသန်စွမ်းပြည်သူများကို ဖြန့်ချိပေးခဲ့သည်။ ၂၀၁၂ ခုနှစ်မှစ၍ မိုင်း/စစ်အတွင်းကြွင်းကျန်ရစ်သောပေါက်ကွဲစေသော ပစ္စည်းများကြောင့် ထိခိုက်နစ်နာသူ ၁၅၇ ဦးနှင့် တခြားမသန်စွန်းသူများ အသက်မွေးဝမ်းကြောင်းအလုပ်အကိုင် သင်တန်းများ တက်ရောက်ခဲ့သည်။ [96]

**ထိခိုက်နစ်နာသူ အကူအညီပေးသူများနှင့် လုပ်ငန်းများ**

| အဖွဲ့အစည်းအမည် | လုပ်ငန်းအမျိုးအစား |
|---|---|
| **အစိုးရ** | |
| လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေး ဝန်ကြီးဌာန | လူမှုစီးပွားရေးနှင့် ပြန်လည် ပြုစုပျိုးထောင် ရေး ဝန်ဆောင်မှုများ၊ မိုင်းနှင့် တခြား ပေါက်ကွဲ စေသော ပစ္စည်းများကြောင့် အသက်ရှင် ကျန်ရစ်သူများ အပါအဝင် မသန်စွမ်းသူများ အတွက် အတတ်ပညာသင်ကျောင်းများ |
| ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန | ခြေတု လက်တု တပ်ဆင်ရေး ဌာနများနှင့် အရိုးကု ဆေးရုံ နှစ်ရုံ |
| ကာကွယ်ရေးဝန်ကြီးဌာန | ဌာနသုံးခုမှတဆင့် ခြေတုလက်တု တပ်ဆင်ပေးသည် |
| **ပြည်တွင်း** | |

[93] Association for Aid and Relief, Japan (AAR Japan), Annual Report 2017: April 2017-March 2018, (undated but 2018).

[94] Myanmar Centre for Responsible Business, "Workshop to Consult Government Departments on the Draft Handbook on Employment of Persons with Disabilities," 23 August 2018.

[95] HI, "Federal Information – Country Card: Myanmar," September 2018.

[96] Email from Khin Mar Aung, Director, World Education Myanmar 25 October 2018.

| | |
|---|---|
| ငြိမ်းချမ်းသောမြန်မာ နိုင်ငံအကူအညီပေးရေး ဖောင်ဒေးရှင်း | ရွေ့ပြောင်းခြေတုတပ်ဆင်ပေးခြင်း |
| နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူ ကရင် လူမျိုးများ ကူညီ စောင့်ရှောက်ရေး ကော်မတီ | ကရင်ပြည်နယ် မူသရောမြို့ နယ် ခိုကေ ခြေတုလက်တု ဆေးခန်းမှ ခြေတု လက်တု ထုတ်လုပ်သည်။ |
| ကရင်ကျန်းမာရေး နှင့် လူမှု ဖူလုံရေး ဌာန | ရှေးဦးသူနာပြုစုရေးအကူအညီ နှင့် ခွဲစိတ်ကုသမှု ပေးခြင်း |
| ကရင်နီကျန်းမာရေး လုပ်သားများအဖွဲ့ | ကရင်နီပြည်နယ် လွိုင်ကော် တွင် ခြေတုလက်တု တပ်ဆင် ပေးသည်။ |
| ***ကရုဏာလူမှုရေးဆောင်ရွက်မှု အသင်းတော် (KMSS ကွန်ယက်)*** | ရှေးဦးသူနာပြုစုခြင်းနှင့် လက်ငင်းအကူအညီထောက်ပံ့ခြင်း |
| မြန်မာနိုင်ငံ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်း သူများ အသင်း (MPHA) | မသန်စွမ်းအခွင့်အရေးစည်းရုံးတိုက်တွန်းခြင်း။ အထောက်အကူပြု ပစ္စည်းများထုတ်လုပ်ခြင်း၊ အလုပ်အကိုင်မှတဆင့် ဝင်ငွေရလုပ်ငန်းများ ထည့်သွင်းရန် အားပေးခြင်း |
| **နိုင်ငံတကာ** | |
| အကူအညီ နှင့် ကယ်ဆယ်ရေးအသင်း - ဂျပန် (AAR Japan) | အသက်မွေးကြောင်းသင်တန်း၊ လူထုအခြေပြု ပြန်လည် နေရာချထားရေး၊ လွှဲပြောင်းရေးစနစ်၊ အသက်ရှင်ကျန်ရစ်သူများ အခွင့် အရေး/ စည်းရုံးတိုက်တွန်းခြင်း |
| **Exceed Worldwide** | ရန်ကုန် အမျိုးသားပြန်လည်ထူထောင်ရေးဆေးရုံ (NRH) တွင် ခြေတုအလုပ်ရုံ လည်ပတ် လုပ်ဆောင်နေခြင်း၊ မန္တလေး မြန်မာနိုင်ငံ ခြေတုလက်တု စာသင်ကျောင်းတွင် ခြေတု အလုပ်ရုံအသစ်အတွက် ငွေကြေးထောက်ပံ့ခြင်း။ |
| အနာကြီးရောဂါတိုက်ဖျက်ရေးအသင်း (မြန်မာနိုင်ငံ) | ပြန်လည်ပြုစုပျိုးထောင်ခြင်း နှင့်ခြေတု တပ်ဆင်ခြင်း |
| ဒိန်းမတ်မိုင်းတူးဖော်ရေးအဖွဲ့/ ဒိန်းမတ် ဒုက္ခသည် ကောင်စီ | ကချင်ပြည်နယ်အတွင်း မိုင်းနှင့် ERW အသက်ရှင် ကျန်ရစ်သူ များအတွက် ဆေးဝါး၊ ပြန်လည်ပြုစု ပျိုးထောင်ရေး စောင့်ရှောက်မှု နှင့် လွှဲပြောင်းရေး အကူအညီများ တိုက်ရိုက်ပေး သည်။ |
| **HI** | လူမှုအသိုင်းအဝန်းအဆင့် အချက်အလက် ကောက်ယူခြင်း၊ ဝန်ဆောင်မှုနှင့် အခက်အခဲ လေ့လာသတ်မှတ်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့၊ ရွေ့လျား နိုင်သော အထောက်ကအကူပြုပစ္စည်းများ ပြင်ပေးခြင်း၊ အကူအညီများ တာဝန်ခံ ဆောင်ရွက်ခြင်းနှင့် အသက်ရှင် ကျန်ရစ်သူ/ မိုင်းဒဏ်သင့်သူများ၏ လိုအပ်ချက်ကို စည်းရုံးတိုက်တွန်းခြင်း၊ MPHA စွမ်းရည်မြှင့် တင်ခြင်း။ |
| **World Education** | ရုပ်ပိုင်းဆိုင်ရာပြန်လည်ပျိုးထောင်ခြင်း၊ စီးပွားရေး လုပ်ငန်းများတွင် ပါဝင်ခွင့်ရခြင်း၊ ဆေးဝါးနှင့် အသက်မွေး ဝမ်းကြောင်း ရံပုံငွေများ အသုံးပြု ခွင့်ရှိခြင်း၊ အသက်ရှင် ကျန်ရစ်သူ/ထိခိုက်နစ်နာသူများ၏ လိုအပ်ချက်များ ဆိုင်ရာ အကူအညီပေးခြင်း နှင့် စည်းရုံးတိုက်တွန်းခြင်း များ ဆိုင်ရာ တာဝန်ခံ ညှိနှိုင်းဆောင်ရွက်ခြင်း။ |
| **ICRC/ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်း** | ပြန်လည်ပျိုးထောင်ရေးဌာနလေးခုအတွက် ထောက်ပံ့ပေးသည်။ ဘားအံ့တွင် MRCS အောက်တွင် တစ်ခု နှင့် မန္တလေး၊ မြစ်ကြီးနား နှင့် က ျိုးတုံမြို့များတွင် အားကာဝန်ကြီးဌာနအောက် ဌာန သုံးခု။ အလှမ်းဝေးသောဒေသများအတွက် ခြေတုလက်တု ဝန်ဆောင်မှုများ။ |
| ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး (UNHCR) | သယ်ယူပို့ဆောင်ခြင်း၊ အသက် မွေးဝမ်းကြောင်းလုပ် ငန်း အစီအစဉ်မှဆင့် စီးပွားရေး လုပ်ငန်းများထည့် သွင်းခြင်း အပါအဝင် စစ်ကြောင့် ထိခိုက် အနာတရ ဖြစ်ရသူများ၊ မြေမြှုပ် မိုင်းဒဏ်ခံ အသက်ရှင် ကျန်ရစ်သူများအတွက် ဆေးဝါးကုန် ကျစရိတ်နှင့် ပြန်လည်ပြုစု ပျိုးထောင်ရေး အတွက် လွတ်လပ်စွာ အသုံးပြုခွင့် ရှိသော ဘဏ္ဍာငွေ။ |

| **မိုင်းအရေးဆောင်ရွက်ခြင်းလုပ်ငန်း စီမံခန့်ခွဲမှု** |
|---|

| | |
|---|---|
| **အမျိုးသားအဆင့်မိုင်းအရေး<br>စီမံခန့်ခွဲမှုဆောင်ရွက်သူများ** | စနစ်တကျလည်ပတ်နေသော မိုင်းအရေးဆောင်ရွက်မှု အစီအစဉ်မရှိ။<br>မိုင်းအန္တရာယ်လျော့ချရေးအလုပ်အဖွဲ့ (MRWG)။ ဝန်ကြီးဌာနများ၊ နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများ၊ ပြည်နယ်အဆင့် တာဝန်ခံ ညှိနှိုင်း ဆောင်ရွက်ခြင်းအေဂျင်စီလေးခု ပါဝင်ပြီး အန္တရာယ်လျော့ချရေး ပညာပေးလုပ်ငန်းနှင့် ထိခိုက်နစ်နာသူ အကူအညီ ပေးခြင်း လုပ်ငန်း များကို ဦးဆောင်သည်။ |
| **မိုင်းအရေးဆောင်ရွက်မှုမဟာဗျူဟာ<br>အစီအစဉ်** | မရှိ |
| **မိုင်းရေးဆောင်ရွက်မှုစံသတ်မှတ်ချက်များ** | မရှိ။ မိုင်းအရေးဆောင်ရွက်သူများသည် နိုင်ငံတကာမိုင်းအရေးဆောင်ရွက်သူများ စံသတ်မှတ်ချက် (IMAS) ကိုသာ လိုက်နာဆောင်ရွက်သည်။ |
| **၂၀၁၇ ခုနှစ်အတွင်း<br>မိုင်းအရေးဆောင်ရွက်သူများ** | တပ်မတော် အင်ဂျင်နီယာများ<br><br>နည်းပညာမပါ အလွတ်သလော စစ်တမ်းကောက်ယူမှု။<br>ဒိန်းမတ်မိုင်းရှင်းလင်းရေးအဖွဲ့ (DDG)<br>မိုင်းအကြံပေးအဖွဲ့ (MAG)<br>The HALO Trust<br><br>*အန္တရာယ်လျော့ချရေးပညာပေးလုပ်ငန်းများ*<br>ပြည်တွင်း။<br>နိုင်ငံတွင်းအိုးအိမ်မဲ့ လှည့်လည်နေထိုင်သူ ကရင် လူမျိုးများ ကူညီ စောင့်ရှောက်ရေး<br>ကော်မတီ နှင့် ကရင်ကျောင်းဆရာများအလုပ်အဖွဲ့<br>မြန်မာနိုင်ငံ ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်း သူများ အသင်း<br>ကရင်ဖွံ့ဖြိုးမှုကွန်ရက်<br>ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးဌာန နှင့် ဒေသန္တရဖွံ့ဖြိုးမှုကွန်ရက်<br>ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးကွန်ရက်<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း<br>ရှမ်းပြည်နယ်လူငယ်စွမ်းရည်တည်ဆောက်ရေးဌာန<br>မဆုံးတော့သည့်မနက်ဖန်<br>တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံး<br>ကချင်နှစ်ခြင်းအသင်းတော်၊ ဝမ်ပေါင်နင်ထွိုင်<br>ကရင်ကျန်းမာရေးနှင့်လူမှုဖူလုံရေးဌာန<br>**နိုင်ငံတကာ NGO များ။**<br>DanChurchAid (DCA)<br>DDG<br>HALO Trust<br>Humanity & Inclusion (HI, ယခင်က Handicap Internationalဟုခေါ်သည်)<br>Johanniter International Assistance (JOIN)<br>MAG<br>Norwegian People’s Aid (NPA) |
| ၂၀၁၇ ခုနှစ်နှစ်ကုန်အထိ မိုင်းဖြန့်ကျက်မှုပမာဏ | |
| **မြေမြုပ်မိုင်းများ** | ပမာဏမသိရ၊ လက်လုပ်များမိုင်းများပါဝင်သည်။<br>၂၀၁၇ ခုနှစ်အတွင်း မိုင်းအသစ်ထောင်မှုများ ရှိသည်။ |
| ထပ်ဆင့်ပေါက်ကွဲစေသော<br>စစ်လက်နက်ပစ္စည်း အကြွင်းအကျန်များ | မရှိ။ |

| | |
|---|---|
| **တခြား စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ။** | မသိ။ |
| **၂၀၁၇ ခုနှစ်အတွင်း မိုင်းကင်းမဲ့မြေ သတ်မှတ်ခြင်း** | |
| **မြေမြုပ်မိုင်းများ** | တပ်မတော်အင်ဂျင်နီယာများသည် မိုင်းရှင်းလင်းမှုတချို့ ဆောင်ရွက်ခဲ့သည်ဟု အစီရင်ခံခဲ့သည်။ သို့သော် အော်ပရေးရှင်းများကို စနစ်တကျဆောင်ရွက်ခြင်း သို့မဟုတ် မှတ်တမ်းတင်ခြင်းများ မရှိပေ။<br>နိုင်ငံတကာ NGO များသည် 0.43km$^2$ အကျယ် CHA နှင့် 0.28km$^2$ အကျယ် SHA အပြင် ပေါက်ကွဲပစ္စည်းတစ်ခုခြင်းတွေ့ရှိနေရာ ၉၀ ကိုပါ သတ်မှတ်ပေးခဲ့သည်။ ၎င်းဒေသများအတွင်း အမှတ်အသားပြုခြင်း နိုင်ငံတကာစံသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခွင့်တော့ မရခဲ့ပေ။ |
| **တိုးတက်မှု** | |
| **မြေမြုပ်မိုင်းများ** | NGOs များကို မိုင်းရှင်းလင်းခြင်းအတွက် ခွင့်ပြုထားခြင်းမရှိပေ။ ၂၀၁၆ ခုနှစ်မှစ၍ အကန့်အသတ်ဖြင့် နည်းပညာမပါအလွတ်သဘော စစ်တမးကောက်ခြမ်းများကို ခွင့်ပြုခဲ့သည်။ |

မှတ်ချက်။ ERW – စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ၊ CHA - အန္တရာယ်ရှိသော နေရာများအဖြစ် အတည်ပြုသော နေရာများ။ SHA - အန္တရာယ်ရှိသော နေရာများအဖြစ် သံသယရှိသော နေရာများ။

## မိုင်းပြန့်ကျက်တည်ရှိမှု

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်လွတ်လပ်ရေးရသည့်အချိန်မှစ၍ တပ်မတော်နှင့် လူနည်းစု တိုင်းရင်းသားများနှင့် ဆက်နွယ်သော အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအကြား ဖြစ်ပွားသော လက်နက်ကိုင် ပဋိပက္ခများကြောင့် မိုင်းအမြောက်အများပျံ့နှံ့တည်ရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်၊တရုတ် နှင့် ထိုင်းနိုင်ငံနှင့် ထိစပ်နေသော မြန်မာနိုင်ငံနယ်စပ်ဒေသများတွင် မိုင်းများထောင်ထားသည်။ အထူးသဖြင့် တိုင်းပြည်၏ မြောက်ဖက်နှင့် အရှေ့ဖက်ခြမ်းတွင် အန္တရာယ်အဖြစ် ဆက်လက်ရှိနေသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဆယ်ခုအတွင်း ရှိ မြို့နယ် ၇၁ ခန့် (စုစုပေါင်း ၃၂၅ မြို့နယ်အနက်) သည် မိုင်းပျံ့နှံ့မှု အတိုင်းအတာတစ်ခုအထိရှိနေပြီး အထူးသဖြင့် လူသတ်မိုင်းများ အန္တရာယ်ကို ခံစားနေရသည်ဟု ယုံကြည်ရသည်။[97] လွန်ခဲ့သော နှစ်များအတွင်း မိုင်းဖြန့်ကျက်တည်ရှိမှုသည် ရှမ်းပြည်မြောက်ဖက် နှင့် ကချင်ပြည်နယ်တွင် အလွန်တိုးများခဲ့သည်။ ကရင်ပြည်နယ် နှင့် ပဲခူးတိုင်းဒေသကြီးများသည် မိုင်းပြန့်နှံ့မှု အများဆုံး နေရာများဖြစ်ပြီး မိုင်းထိသူအမြင့်ဆုံးမှတ်တမ်းတင်ထားသော နေရာများလည်း ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး နှင့် ချင်းပြည်နယ်များနှင့် အိန္ဒိယ နယ်စပ်အနီး မြို့နယ်များကို သံသယရှိဖွယ် အန္တရာယ်များသော ဒေသများ (Suspected Hazardous Areas – SHAs) အဖြစ် ယူဆထားသည်။ [98]

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် ကမ္ဘာ့ကုလသမဂ္ဂ အချက်အလက်စုဆောင်းရေးမစ်ရှင်က "၂၀၁၅ ခုနှစ်တွင် တနိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး စာချုပ် အဖွဲ့ဝင် အဖွဲ့အစည်းအားလုံးက မြေမြုပ်မိုင်း

97 This reporting period saw the largest increase, compared to previous years, in the number of townships believed to have suspected hazardous areas. In 2009, the Monitor identified 23 townships from available data with suspected contamination in eight states and regions. Increased reports of contamination are a result of increased access to information and an increase in armed conflict in the northern areas. မြန်မာနိုင်ငံသည် ပြည်နယ်နှင့်တိုင်းဒေသကြီးများဟူ၍ ပိုင်းခြားသည်။ တိုင်းရင်းသားများနေထိုင်ရာကို ပြည်နယ်များဟူ၍ သတ်မှတ်သည်။ တိုင်းရင်းသားအုပ်စုအတိအကျမရှိသော တခြားဒေသများကို အုပ်ချုပ်ရေးဒေသကြီးများအဖြစ် သတ်မှတ်သည်။ စစ်အစိုးရဟောင်းသည် ၁၉၈၉ ခုနှစ်တွင် Burma မS Myanmar သို့ ပြောင်းလဲခဲ့သည်။ ပြည်နယ်တချို့၏ အမည်များကိုလည်း ပြောင်းလဲခဲ့သည်။ တိုင်းရင်းသားအုပ်စုအများစုက Burma ဟူသောအမည်ကို ဆက်လက်ခေါ်ဝေါ်နေဆဲဖြစ်သည်။ ပြည်နယ်နှင့်တိုင်းများအတွင်း အမည်များကို အများခေါ်သောအမည်များဖြင့် ခေါ်ဝေါ်ကြခြင်း သို့မဟုတ် နဖအအစိုးရပေးသော အမည်ကို ကွင်းအတွင်းထည့်သွင်း၍သော်လည်းကောင်း သုံးစွဲကြသည်။

98 Monitor မှ ဆောင်ရွက်သော သုတေသန။ ထိခိုက်အနာတရဖြစ်မှု သတင်းအချက်အလက်၊ မိုင်းသတိပေးမှုအမှတ်အသားများ၊ အန်ဂျီအိုနှင့် တခြား အဖွဲ့အစည်းများမှ တင်ပြသော အစီရင်ခံစာများအပြင် ကွင်းဆင်းဝန်ထမ်းများ၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ မေးမြန်းခြင်းမှ ရရှိသည့် အချက်အလက်များ ပါဝင်သည်။ စစ်တမ်းကောက်ယူခြင်းတွင် ၂၀၁၆ ဒီဇင်ဘာမှ ၂၀၁၇ ဇန်နဝါရီအထိ ထိခိုက်ဒဏ်ရာရမှု အချက်အလက်များနှင့် ၂၀၀၈ ဇန်နဝါရီမှ ၂၀၁၇ အောက်တိုဘာလအထိ သတင်းပေးပို့သူများထံမှ ရရှိသော အချက်အလက်များ ပါဝင်သည်။

အသုံးပြုမှု ရပ်တန့်ရန်နှင့် မိုင်းရှင်းလင်းခြင်း လုပ်ငန်းများတွင် ပူးပေါင်းပါဝင်မည်ဟု ကတိကဝတ်ပြုခဲ့သော်လည်း မြေမြှုပ်မိုင်း အသစ်များ ဆက်လက်ထောင်နေဆဲ ဖြစ်သည်။" ဟု အစီရင်ခံခဲ့သည်။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မြေမြှုပ်မိုင်းများ ထောင်ကြကြောင်း ယုံကြည်လောက်သော အစီရင်ခံစာများကို မစ်ရှင်က ကိုးကားထားသည်။ တပ်မတော်သည် ၎င်းတို့ တိုက်ခိုက်ခဲ့သော ကျေးရွာများတွင် မြေမြှုပ်မိုင်းထောင်ခြင်း သို့မဟုတ် အရပ်သားများ ထွက်ပြေးပြီးနောက် မိုင်း ထောင်ခြင်း သို့မဟုတ် အရပ်သားများ အသုံးပြုသော လမ်းများတွင် ရံဖန်ရံခါ မိုင်းထောင်လေ့ရှိကြောင်း မစ်ရှင်က လေ့လာတွေ့ရှိခဲ့သည်။ အရပ်သားပြည်သူများကလည်း ၎င်းတို့ ပိုင်ဆိုင်မှုများကို ကာကွယ်ရန်အတွက် မြေမြှုပ်မိုင်းများ ထောင်ကြသည် ဟု မစ်ရှင်က အစီရင်ခံခဲ့သည်။[99] ဘင်္ဂလားဒေ့ရှ နှင့် ရခိုင်ပြည်နယ်မြောက်ဖက်ပိုင်း ထိစပ်နေသော မြန်မာပြည်ဖက်ခြမ်းတွင်လည်း မိုင်းအသစ်ဖြန့်ကျက်မှုများ ရှိနေသည်။ ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်အလယ်ပိုင်းအတွင်း မြန်မာအစိုးရစစ်တပ်နှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများသည် ဆက်လက်အသုံးပြုနေခြင်းကြောင့် မိုင်းအသစ်ဖြန့်ကျက်မှုနှင့်ပတ်သက်၍ အစီရင်ခံမှုများ ရှိခဲ့သည်။ (အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံ မိုင်းအသုံးပြုမှု ပိတ်ပင်တားမြစ်ခြင်း အကြောင်းတွင် ရှုပါ)။

မိုင်းပြန့်နှံ့တည်ရှိမှု ပမာဏအတိအကျကို ခန့်မှန်းနိုင်ခြင်းမရှိသော်လည်း မြေမြှုပ်မိုင်းစောင့်ကြည့် လေ့လာရေးအဖွဲ့သည် အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် မြို့နယ်များအား SHA ဒေသများအဖြစ် သတ်မှတ်ထားသည်။

- ကရင်နီပြည်နယ် - မြို့နယ် ခုနစ်မြို့နယ်စလုံး
- ကရင်ပြည်နယ် - မြို့နယ် ခုနစ်မြို့နယ်စလုံး
- ကချင်ပြည်နယ် - ဗန်းမော်၊ချီဖွေ၊ ဖားကန့်၊ မန်စီ၊ မိုးကောင်း၊ မိုးညှင်း၊ မိုးမောက်၊ မြစ်ကြီးနား၊ ရွှေကူ၊ဆင်ဘို၊ ဆမ်ပရာဘန်၊ တနိုင်း၊ဆော့လော်နှင့် ဝိုင်းမော်
- မွန်ပြည်နယ် - ဘီးလင်း၊ ကျိုက်ထို၊ မော်လမြိုင်၊ သံဖြူဇရပ်၊ သထုံ နှင့် ရေးမြို့နယ်
- ပဲခူးတိုင်းဒေသကြီး - ကျောက်ကြီး၊ ရွှေကျင်၊ သနပ်ပင် နှင့် တောင်ငူ
- ရခိုင်ပြည်နယ် - ဘူးသီးတောင်၊ မောင်းတော
- ရှမ်းပြည်နယ် - ဟိုပုံး၊ သိန္နီ၊ ဆီဆိုင်၊ သီပေါ၊ကွမ်းယန်၊ ကွတ်ခိုင်၊ ကျေးသီး၊ ကျောက်မဲ၊ လန်ခို၊ လားရှိုး၊လွိုင်လင်၊ လောက်ကိုင်၊ ရပ်စောက်၊ မိုင်းတုံ၊မောက်မိုင်၊မိုးမိတ်၊ မိုင်းရှူး၊ မိုင်းပန်၊ မိုင်းတုံ၊ မိုင်းဖြတ်၊မိုင်းယန်း၊မူဆယ်၊ နမ့်ဆန်၊ တာချီလိတ်၊ နမ့်မတူ၊ နမ်ခမ်း၊ နောင်ချို၊ ပန်ဆန်း၊တန့်ယန်း နှင့် ရွာငံ
- တနင်္သာရီတိုင်းဒေသကြီး - ဘုတ်ပြင်း၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ သရက်ချောင်း နှင့် ရေဖြူ
- ချင်းပြည်နယ်။ ပလက်ဝ နှင့်
- စစ်ကိုင်းတိုင်းဒေသကြီး ။ အင်းတော်

တပ်မတော်သည် နိုင်ငံတော်ပိုင်စက်ရုံများက ထုတ်သော လူသတ်မိုင်းများကို အများစုအသုံးပြုသည်။ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံလုပ် Type – 59 တိုက်မိုင်းအမျိုးအစားကို ပုံတူကူးချထားသော MM1 မိုင်းနှင့် တရုတ်လုပ် Type -58 အမျိုးအစား ရေ့ထွက်မိုင်း MM2 အပြင် အမေရိကန်လုပ် M14 ပလစ်စတစ်မိုင်းများလည်း တုပထုတ်လုပ်သည်။

၎င်းမိုင်းများသည် ရုရှ PMNs မိုင်းများ (ဒေသအခေါ် MM-2 ဟုခေါ်သည်)၊ POMZ တိုက်မိုင်း (MM-1 ပုံစံဖြစ်သည်။) နှင့် အမေရိကန်ထုတ် M14 မိုင်းများကို ပုံတူကူးထားသည့် မိုင်းများဖြစ်သည်။ LTM – 76 တိုက်မိုင်းများသည် ဗြိတိသျှ သို့မဟုတ် အိန္ဒိယပုံစံကို အခြေခံထားပြီး ခါတ်အားပေးလိုင်းတိုင်များအနီးတဝိုက်တွင် တွေ့ရလေ့ရှိသည်။ တိုင်းရင်းသားလက်နက်ကိုင်

[99] United Nations, "Report of the Detailed Findings of the Independent International Fact Finding Mission on Myanmar," A/HRC/39/CRP.2, 17 September 2017, p. 95.

အဖွဲ့အစည်းများသည် လက်လုပ်လူသတ်မိုင်း နှင့် တခြား ကားမိုင်းများ အသုံးပြုကြောင်း အသိအမှတ်ပြုသည်။ သို့သော် အတည်ပြုချက်မရသော အစီရင်ခံမှုများအရ ၎င်းတို့သည် တရုတ်စက်ရုံထုတ် 72 ကားမိုင်းများလည်း ရရှိကြောင်း ပြောဆိုသည်။[100]

မြန်မာနိုင်ငံတွင် မြေမြုပ်မိုင်း ပြန့်နှံ့နေမှုကြောင့် ဒုက္ခသည်များ နှင့် နိုင်ငံတွင်းအိုးအိမ်စွန့်ခွာ ပြည်သူများ နေရပ်ရင်းပြန်ရန်အတွက် အဟန့်အတားဖြစ်စေသည်ဟု မကြာခဏ ထုတ်ဖော်ပြောဆိုမှုများ ရှိသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်သည် ရခိုင်ပြည်နယ်အတွင်း မြေမြုပ်မိုင်းများ ပြန့်နှံ့နေခြင်းသည် အစီအစဉ်တကျ ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်သော အတင်းအဓမ္မနေရပ်စွန့်ခွာမှုများ၏ တစိတ်တပိုင်းဖြစ်သည်ဟု ထည့်သွင်းစဉ်းစားသည်။ [101] ၂၀၁၈ ခုနှစ် ဖွန်လတွင် UNICEF က ကချင်ပြည်နယ် ဒေသတချို့တွင် မြေမြုပ်မိုင်းများ ရှိနေခြင်းကြောင့် အိမ်ပြန်မရဖြစ်နေသည်ဟု အစီရင်ခံခဲ့သည်။ [102] ၂၀၁၆ခုနှစ် စက်တင်ဘာလတွင် ထုတ်ပြန်သော မြန်မာနိုင်ငံအတွင်း လူသားချင်းဆိုင်ရာ တုန့်ပြန်ဆောင်ရွက်မှုအတွက် လေ့လာအကဲဖြတ်တစ်ခုတွင် အောက်ပါအတိုင်း သုံးသပ်ခဲ့သည်။ "မိုင်းပျံ့နှံ့မှုသည် ဒုက္ခသည်များ နေရပ်ရင်းပြန်လာရေး အတွက် ကြီးစွာသော အဟန့်အတား ဖြစ်နေသည်။ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ၊ မြေယာပိုင်ဆိုင်မှု၊ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများအသုံးပြုခြင်းများအတွက် အဟန့်အတားအဖြစ် ဆက်လက်ရှိနေပြီး၊ ထိုအရာအားလုံးတွင် နောက်ဆက်တွဲ ဖြစ်စဉ်များနှင့် အတိုင်းအတာများ ရှိသည်။[103] ၂၀၁၈ ခုနှစ် ဖွန်လတွင် Landmine Monitor နှင့် ကမ္ဘာ့ကုလသမဂ္ဂ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း မြေမြုပ်မိုင်းအသုံးပြုမှု သတ်ရောက်မှုပြရုပ်ပုံကားချပ် မြေပုံကို ထုတ်ဝေခဲ့သည်။ [104]

***စစ်အတွင်းကျန်ရစ်ခဲ့သော ပေါက်ကွဲစေသည့်ပစ္စည်းများ***

မြန်မာနိုင်ငံသည် ဒုတိယကမ္ဘာစစ်က ကျန်ခဲ့သော မော်တာများ၊ လက်ပစ်ဗုံးများ၊ အမြောက် ကျည်များ၊ လက်နက်များ အပါအဝင် စစ်အတွင်း ကျန်ရစ်ခဲ့ပေါက်ကွဲစေသည့် ပစ္စည်းများ၏ သက် ရောက်မှုလည်း ခံနေရသည်။ သို့သော် မည်သည့်နေရာတွင် ရှိနေသည်နှင့် မည်မျှပြန့်နှံ့နေသည်ကို မသိရပေ။[105] ၂၀၁၅ ခုနှစ်နှောင်ပိုင်းနှင့် ၂၀၁၆ ခုနှစ် အစောပိုင်း ကချင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခနှင့်ဆက်နွယ်သော စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေ သော ပစ္စည်းများ ပျံ့နှံ့မှု အသစ် ဖြစ်ပေါ်နေကြောင်း တွေ့ရသည်။[106]

**လုပ်ငန်းအစီအစဉ် စီမံခန့်ခွဲမှု**

၂၀၁၇ ခုနှစ် စက်တင်ဘာလအထိ အစိုးရတွင် မိုင်းအရေးဆောင်ရွက်ရန် ရှင်းလင်းသော လမ်းညွှန်ချက် ထုတ်ပြန်ထားခြင်း သို့မဟုတ် ထိုလုပ်ငန်းကို တာဝန်ခံညှိနှိုင်းဆောင်ရွက်ရန်အတွက် ဌာနတစ်ခု တည်ထောင်ခြင်း မရှိသေးပေ။[107] ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ပြည်ထောင်စုပစ်ခတ်တိုက်ခတ်မှု ရပ်စဲရေးပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အတွင်းရေးမှူး ဗိုလ်မှူးကြီး

---

[100] Information provided by mine action stakeholders on condition of anonymity, 2018.

[101] Human Rights Council, "Report of the detailed findings of the Independent International Fact-Finding Mission on Myanmar," A/HRC/39/CRP.2, 17 September 2018, p. 288.

[102] UNICEF, "Myanmar Humanitarian Mid-Year Situation Report," 30 June 2018, p. 2.

103 "မြန်မာနိုင်ငံတောင်ဖက်ခြမ်းအခြေအနေသုံးသပ်ချက်၊ "မြန်မာနိုင်ငံသတင်းစီမံခန့်ခွဲမှုယူနစ် (MIMU Peace Support Fund, September 2016. MIMU သည် ယူအန်ဌာနေ နှင့် လူသားချင်းစာနာသော တာဝန်ခံညှိနှိုင်းရေးရုံးအောက် ယူအန်အခြေစိုက်အလုပ်အဖွဲ့နှင့် လူသားချင်းစာနာသော ဌာနေကိုယ်စားလှယ်အဖွဲ့အတွက် ဆောင်ရွက်ပေးသည်။

[104] "Townships with Known Landmine Contamination (2017) and Casualties in Myanmar (as of Dec 2016)," MIMU, 30 May 2018. Infographic provides a 11-year overview of data from the Landmine Monitor (2007–2017). In 2018, the infographic was also available in Burmese language for the first time. MIMU reported to the Landmine Monitor that the landmine infographic has been one of their most requested products.

105 ဉပမာ နေသွင် ၏ "ဒုတိယကမ္ဘာစစ်အတွင်း ကျန်ရစ်ခဲ့သောပေါက်ကွဲပစ္စည်းများကြောင့် သုံးဦးသေ။" ဒီမိုကရက်တစ်မြန်မာ့အသံ၊ ၂၀ မတ် ၂၀၁၂။ "WWII bomb kills 7 in Arakan." ရောဝတီ၊ စက်တင်ဘာ ၁ ၂၀၁၁။ မင်းသားလေး၊ "မန္တလေးလုပ်သားများ ဒုတိယကမ္ဘာစစ်လက်ကျန်ဗုံးများ ရှာတွေ့။" Myanamr Times, Vol 23, No.455, ဇန် ၂၆ မှ ဖေ ၁ ၂၀၀၉.

106 ရှု ဉပမာ၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့ တိုက်ပွဲမှ မပေါက်ကွဲပဲကျန်ရစ်ခဲ့သည့်လေကြောင်းဗုံး။ "UPDATE REPORT: Gidon Post Bombarded by Burma Airforce," Free Burma Rangers, 7 October 2016.

107 Interview with Aksel Steen-Nilsen, Country Director, NPA and Greg Crowther, Regional Director, South and South East Asia, MAG, in Phnom Penh, 1 May 2017; and email from Melissa Andersson, Programme Manager, NPA, Yangon, 27 September 2017.

ဝဏ္ဏအောင်က အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား အပြန်အလှန်ယုံကြည်မှု တည်ဆောက်ခြင်း မရှိခင် မိုင်းရှင်းလင်းခြင်း စတင်၍ မဖြစ်နိုင်ဟု ပြောဆိုခဲ့သည်။[108] ၂၀၁၇ ခုနှစ်မေလတွင် ပြည်ထောင်စု ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်မှုကော်မတီ အတွင်းရေးမှူး ဗိုလ်မှူးကြီး ဝဏ္ဏအောင်က တပ်မတော်သည် မိုင်းရှင်းလင်းရေးအတွက် ဦးဆောင်မည်ဖြစ်ပြီး နိုင်ငံတကာနည်းပညာနှင့် အထောက်အကူပြုပစ္စည်းများကိုလည်း လက်ခံနိုင်ဖွယ်ရှိသည်ဟု ပြောဆိုခဲ့သည်။ မိုင်းရှင်းလင်းခြင်းကို ကရင်ပြည်နယ်တွင် ကရင့်အမျိုးသားအစည်းအရုံးနှင့် ပူးတွဲ၍ ကနဦး စတင်နိုင်ဖွယ်ရှိသည်ဟု သူက ပြောဆိုခဲ့သည်။[109] ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နယူးဇီလန်သံအမတ်ကြီးနှင့် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ စစ်တပ်အကြား အကူအညီပေးခြင်းနှင့် မိုင်းရှင်းလင်းရေး လုပ်ငန်းများအတွက် ပြောဆိုဆွေးနွေးခဲ့သည်။[110] ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရဟောင်းက မြန်မာနိုင်ငံမိုင်းအရေး ဆောင်ရွက်မှုဌာန (MMAC) တခုတည်ထောင်ရန် မူအရ သဘောတူခဲ့သည်။ သို့သော် ဌာနအတွက် မည်သည့်အခါမှ ဝန်ထမ်းခန့်အပ်ခြင်းမရှိခဲ့ပေ။ မိုင်းစစ်တမ်းကောက်ယူခြင်းနှင့် မိုင်းရှင်းလင်းခြင်း ဆောင်ရွက်ရန်အတွက် တနိုင်ငံလုံးတိုက်ခိုက်မှု ရပ်စဲသဘောတူစာချုပ် အရင်ချုပ်ဆိုရန် လိုအပ် သည်ဟု အစိုးရက ပြောခဲ့သည်။[111]

၂၀၁၆ ခုနှစ် မတ်လအကုန်တွင် MPC ကိုဖျက်သိမ်းခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို အစီရင်ခံရသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဖြင့် အစားထိုးခဲ့သည်။ တနိုင်ငံလုံး တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်အတွက် ဆွေးနွေးညှိနှိုင်းမှုသည် သူမဦးဆောင်သော အစိုးရအဖွဲ့၏ ဦးစားပေးဟု နိုင်ငံတော်အတိုင်ပင်ခံကောင်စီက ပြောဆိုခဲ့သည်။ ၎င်း၏ ပထမဆုံး အစည်းအဝေးတွင် အစည်းအဝေး တက်ရောက်သူများက မိုင်းအန္တရာယ်နှင့် မိုင်းရှင်းလင်းရေး လိုအပ်ချက် ကို အလေးထားပြောဆိုခဲ့သည်။[112] ၂၀၁၆ ခုနှစ်မေလ၊ နေပြည်တော်တွင် ပြုလုပ်သော အမျိုးသားလူငယ်ကွန်ဖရင့်က တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို မိုင်းရှင်းလင်းရန် တောင်းဆိုခဲ့သည်။[113] ထိုနှစ် အတွင်း မိုင်းရှင်းလင်းရေးအတွက် လူထုအခြေပြုအဖွဲ့အစည်းအများအပြားက တောင်းဆိုခဲ့သည်။ (မိုင်းအသုံးပြုမှု တားဆီးပိတ်ပင်ခြင်းမူဝါဒကိုရှု။)

လူမှုရေးလုပ်ငန်းဌာန သည် မြန်မာနိုင်ငံမိုင်းအန္တရာယ်လျော့ပါးရေးအလုပ်အဖွဲ့ (MRWG) ကိုဦးဆောင်သည်။ ထိုအလုပ်အဖွဲ့ကို UNIFCEF က ပူးတွဲ ဥက္ကဋ္ဌအဖြစ်သီးဆောင်ပြီး ဝန်ကြီးဌာန ၁၀ ခုနှင့် နိုင်ငံတကာ နှင့် ပြည်တွင်း အဖွဲ့အစည်း ၄၁ ဖွဲ့ ၊ ပြည်နယ်လေးခု တာဝန်ခံညှိနှိုင်းရေးအေဂျင်စီများ (ကချင်၊ ကယား၊ကရင်နှင့် ရှမ်းပြည်နယ်) တို့ဖြင့် ဖွဲ့စည်းသည်။ [114] ထိုအလုပ်အဖွဲ့ သည် ၃ လ တခါတွေ့ဆုံပြီး အန္တရာယ်လျော့ပါးရေး ပညာပေးခြင်းနှင့် ထိခိုက်နစ်နာသူများအတွက် အကူအညီ ပေးခြင်းကို အလေးထားဆွေးနွေးသည်။ လုပ်ငန်းစဉ်အတွင်း မိုင်းဖြန့်ကျက်မှုအတွက် စနစ်တကျစစ်တမ်း ကောက်ယူခြင်း၏ ပထမ အဆင့်များ ကို ကြီးကြပ်ခဲ့သည်။

၂၀၁၈ ခုနှစ်တွင် လူမှုဖူလုံရေးဝန်ကြီးဌာနသည် ပြန်လည်ပြုစုပျိုးထောင်ရေးဌာနအသစ်ကို တည်ထောင်ခဲ့သည်။ ၎ လူမှုရေးလုပ်ငန်းဌာနများမှ မိုင်းအရေးဆောင်ရွက်မှုများကို ဦးဆောင်မည်ဟု မိုင်းအရေးဆောင်ရွက်သူများကို အသိပေးခဲ့သည်။ သို့သော် ၂၀၁၈ ခုနှစ် ဩဂုတ်လအထိ ပြန်လည်ပြုစုပျိုးထောင်ရေးဌာနသည် မြို့တော်တွင် ရောက်ရှိလာခြင်းမရှိသကဲ့သို့ ယခုအပြောင်းအလဲကို မည်သို့ ဆောင်ရွက်မည်နှင့်ပတ်သက်၍ လမ်းညွှန်မှုကိုလည်း သက်ဆိုင်သူများအကြား ပေးပို့ခြင်း မရှိပေ။ [115]

---

[108] "Standard operating procedures for commanders drafted at JMC-U," *Global New Light of Myanmar*, 20 January 2018. "Both sides are still discussing conducting workshops on mines. The NCA includes mine clearance work. But mutual trust needs to be created first so it is still under discussion and mine clearance cannot be implemented yet," said Col. Aung.

109 Ye Khaung Nyunt, "Second day of 10th Union Joint Monitoring Committee meeting in Yangon," Global New Light of Myanmar, 5 May 2017.

110 MNA, "Senior General meets New Zealand Ambassador," Global New Light of Myanmar, 27 August 2017.

111 Roger Fasth နှင့် Pascal Simon (ဒိန်းမတ်မိုင်းဖော်ရေးအဖွဲ့), "မြန်မာနိုင်ငံအတွင်းမိုင်းအရေးလှုပ်ရှားမှု။" မိုင်းနှင့် ERW အရေးဆောင်ရွက်မှု ဂျာနယ်။ တွဲ ၁၉ .၂ ဇူလိုင် ၂၀၁၅။

112 ရှု ဥပမာ။ ငြိမ်းချမ်းရေးညီလာခံ(၂၁ရာစုပင်လုံ) NLD မှ ဒေါ်ဝင့်ဝါထွန်းက ကယားပြည်နယ်မှ သူမ၏ရွာဒေါ်မြို့အကြောင်းပြောဆိုခဲ့သည်။ မြေမြုပ်မိုင်းများသည်ဒေသခံပြည်သူများ၏ ဘဝရှင်သန်မှုကို ခြိမ်းခြောက်သောကြောင့် ပြည်သူများ မလုံခြုံမှုကို ခံစားနေရသည်။" "Union Peace Conference—21st Century Panglong continues," Global New Light of Myanmar, 2 September 2016.

113 "Youth Empowerment: Myanmar's young people want an active role in the running of their country," Mizzima Weekly, 9 June 2016, p. 22.

[114] UNICEF, "Landmines and explosive remnants of war threaten children and communities across Myanmar," 4 April 2018.

[115] Emails from mine action operators, July–August 2018.

မကြာသေးခင်နှစ်များအတွင်း မိုင်းအရေးဆောင်ရွက်သော အဖွဲ့အစည်းများသည် မိုင်းအန္တရာယ်လျော့ချရေး ပညာပေးမှု လုပ်ငန်းများ၊ လူမှုအသိုင်းအဝန်းဆက်သွယ်ချိတ်ဆက်ခြင်းလုပ်ငန်းများ နှင့် တချို့နေရာများတွင် အန္တရာယ်ရှိသော နေရာများ သတ်မှတ်ခြင်းလုပ်ငန်းကိုလည်း အကန့်အသတ်ဖြင့် ဆောင်ရွက်ခဲ့ရသည်။ ၂၀၁၇ ခုနှစ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် မိုင်းအရေးဆောင်ရွက်သူများကို ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း နည်းပညာမပါသော အလွတ်သဘော စစ်တမ်း ကောက်ခွင့်ပေးခဲ့သည်။

## ဥပဒေပြုခြင်းနှင့် စံသတ်မှတ်ချက်များ

မြန်မာနိုင်ငံတွင် ပြည်တွင်းမိုင်းအရေးဆောင်ရွက်မှု ဥပဒေ သို့မဟုတ် စံသတ်မှတ်ချက်များ မရှိပေ။ ထို့ကြောင့် မိုင်းအရေးဆောင်ရွက်သူများသည် နိုင်ငံတကာမိုင်းအရေးဆောင်ရွက်မှုစံသတ်မှတ်ချက် (IMAS) နှင့် ၎င်းကိုယ်ပိုင် လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များကိုသာ လိုက်နာဆောင်ရွက်နေကြသည်။

## မိုင်းအရေးဆောင်ရွက်သော အဖွဲ့အစည်းများ

နိုင်ငံတကာမိုင်းဖေါ်ခြင်း ဆောင်ရွက်သည့် အဖွဲ့အစည်း ၇ ဖွဲ့သည် ရန်ကုန်နှင့် တချို့ ပြည်နယ်များတွင် ရုံးခန်းများ ရှိကြသည်။ ၎င်းတို့မှာ DanChurch အကူ အညီ ပေးရေးအဖွဲ့(DCA)၊ ဒိန်းမတ်မိုင်းဖေါ်ခြင်းဆောင်ရွက်သူများအဖွဲ့ (DDG)၊ HALO Trust အဖွဲ့၊ မိုင်းအရေးအကြံပေးအဖွဲ့ (MAG)၊ HI နှင့် NPA တို့ဖြစ်သည်။

တပ်မတော်အင်ဂျာနီယာများသည် မိုင်းရှင်းလင်းခြင်းများ ဆောင်ရွက်သောလည်း အော်ပရေးရှင်းများကို စနစ်တကျဆောင်ရွက်ခြင်း သို့မဟုတ် မှတ်တမ်းတင်ခြင်း မရှိပေ။

## မိုင်းကင်းမဲ့မြေ သတ်မှတ်ခြင်း

မိုင်းအရေးဆောင်ရွက်သူများသည် အစိုးရထံမှသော်လည်းကောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ သော် လည်း ကောင်း မိုင်းနေရာသတ်မှတ်ခြင်း သို့မဟုတ် ရှင်းလင်းခြင်းအတွက် ခွင့်ပြုချက် မရသေးပေ။

လူမှုရေးလုပ်ငန်းဌာနသည် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တချို့ အစိုးရထိမ်းချုပ်သော ဒေသများတွင် နည်းပညာမပါ အလွတ်သဘော စစ်တမ်းကောက်ယူမှု အပြည့်အဝဆောင်ရွက်ခွင့်ကို သဘောတူခွင့်ပြုခဲ့သည်။ သို့သော် နိုင်ငံတကာစံသတ်မှတ်ချက်နှင့်အညီ SHA သို့မဟုတ် CHA နေရာများအဖြစ် သတ်မှတ်နိုင်ခွင့် မရှိသေးပေ။ ပြည်နယ်တစ်ခုလုံး တနံတလျား စစ်တမ်းကောက်ယူနိုင်ခြင်း မရှိသေးသဖြင့် မိုင်းဖြန့်ကျက်တည်ရှိမှု အခြေခံအဆင့်ကို သတ်မှတ်နိုင်ခြင်း မရှိပေ။

၂၀၁၆ ခုနှစ် ဒီဇင်လာတွင် MAG သည် လူမှုအသိုင်းအဝန်းဆက်သွယ်ချိတ်ဆက်မှု လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့နှင့် ချိတ်ဆက်၍ ကယားပြည်နယ်အတွင်း ကျေးရွာပေါင်း ၇၄ ရွာတွင် အလွတ်သဘော နည်းပညာမပါသော စစ်တမ်းများ ကောက်ယူခွင့်ကို လူမှုရေးလုပ်ငန်းဌာနမှ ခွင့်ပြုခဲ့သည်။ ၂၀၁၇ ခုနှစ်အတွင်း ရှမ်းပြည်နယ် တောင်ပိုင်းတွင် အလွတ်သဘော နည်းပညာမပါသော စစ်တမ်းများ ကောက်ယူခွင့် ပြုခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် 214,276$m^2$ အကျယ်အဝန်းရှိသော CHA ၈၆ နေရာအပါအဝင် အန္တရာယ်ရှိမှုနေရာ ၁၁၄ ခုကို မြေပုံဖြင့် အမှတ်အသား ပြုနိုင်ခဲ့သည်။ ထို့အပြင် EOD နေရာ ၂၃ ခုကိုလည်း မှတ်တမ်းတင်ခဲ့သည်။[116]

၂၀၁၇ ခုနှစ်တွင် DDG သည် ကယားပြည်နယ် ဒီမောဆိုမြို့နယ်တွင် အလွတ်သဘော နည်းပညာမပါသော စစ်တမ်းကောက်ယူမှု ပြုခဲ့သည်။ ၁၆၉ ရွာအနက် ၅၁ ရွာတွင် စစ်အတွင်း ကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများနှင့် မိုင်းသတ်ရောက်မှု ရှိသည်ကို တွေ့ရသည်။ အန္တရာယ်ရှိသော နေရာ ၉၅ နေရာကို အတည်ပြုခဲ့ပြီး အကျယ်အဝန်းအားဖြင့် 127,720$m^2$ ကျယ်ဝန်း သည်။ 233,898$m^2$ အကျယ်ရှိသော SHA ၃၃ နေရာ နှင့် EOD ၆၇ နေရာကိုပါ သတ်မှတ်နိုင်ခဲ့သည်။ DDG သည် UXO

[116] Email from Greg Crowther, Regional Director, South and South East Asia, MAG, 3 August 2018.

နေရာများနှင့်ပတ်သက်သော သတင်းအချက်အလက်များကို စစ်တပ် အင်ဂျင်နီယာများသို့ ပေးခဲ့ပြီး၊ ၎င်းတို့က တချို့မိုင်းများကို ရှင်းခဲ့သည်ဟု သိရသည်။ ၂၀၁၈ ခုနှစ် မတ်လအတွင်း ဒီမောဆိုးမြို့နယ်တွင် အလွတ်သဘော နည်းပညာမပါ စစ်တမ်းကောက်ယူမှု ပြီးသည့်နောက် DDG သည် ဖရူးဆိုးနှင့် ဖါးဆောင်းမြို့နယ်များတွင် စစ်တမ်းကောက်ယူရန် အဖွဲ့များ စေလွှတ်ခဲ့သည်။ [117]

၂၀၁၇ ခုနှစ်တွင် HALO သည် အလွတ်သဘော နည်းပညာမပါသော စစ်တမ်းကောက်ယူခွင့် ရရှိခဲ့သည်။ အလွတ်သဘော နည်းပညာမပါစစ်တမ်းကောက်ယူသော အဖွဲ့ ၃ ဖွဲ့ နှင့် မိုင်းအန္တရာယ်လျော့ချရေးပညာရေးအဖွဲ့များ အပါအဝင် ဝန်ထမ်း ဦးရေ ၄၇ ဦးနှင့်အတူ HALO ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကယားပြည်နယ်တွင် ဆောင်ရွက်ခဲ့သည်။ 85,315$m^2$ အကျယ်ရှိသော CHA နေရာများနှင့် ခန့်မှန်းချေ 46,058$m^2$ ရှိသော SHA နေရများ သတ်မှတ်ပေးနိုင်ခဲ့သည်။[118]

NPA သည် နားလည်မှုစာချွန်လွှာပြင်ဆင်မှုကို စောင့်ဆိုင်းနေသဖြင့် ၂၀၁၇ ခုနှစ်အတွင်း စစ်တမ်းကောက်ယူခဲ့ခြင်း မရှိခဲ့ပေ။ သို့သော် HALO၊ MAG တို့နှင့်ပူးပေါင်း၍ နိုင်ငံတော်အဆင့်နှင့် ပြည်နယ်အဆင့်တွင်စစ်တမ်းကောက်ယူရန်နှင့် ကရင်ပြည်နယ် ကျုံထော်ရေတံခွန်မှ ဘားအံ့အနီးတဝိုက်ရှိ ရွာပေါင်း ၃၇ ရွာတွင် မိုင်းရှင်းလင်းရေးဆောင်ရွက်ရန် အာဏာပိုင်များနှင့် ပူးတွဲဆွေးနွေးခဲ့သည်။ ပရောဂျက်၏ ရည်ရွယ်ချက်မှာ ခရီးသွားလုပ်ငန်း ချောမွေ့စေရန် နှင့် နိုင်ငံတွင်း အိုးအိမ်စွန့်ခွာ ပြည်သူများ နေရပ်ရင်း ပြန်လာနိုင်ရေးဖြစ်သည်။ ပရောဂျက်ကို နေပြည်တော်မှ လူမှုရေးလုပ်ငန်းဌာနမှ ထောက်ခံမှုရသော်လည်း ဒေသဆိုင်ရာ စစ်တပ်အာဏာပိုင်များက လုံခြုံရေးအကြောင်းပြချက်ဖြင့် ရပ်ဆိုင်းထားရသည်။ [119]

## မိုင်းနှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများ ပညာပေးလုပ်ငန်းများ

၂၀၁၈ ခုနှစ် ဩဂုတ်လအထိ အနည်းဆုံး အဖွဲ့အစည်း ၉ ခုသည် အန္တရာယ်လျော့ပါးရေးပညာပေး ပရောဂျက် ၁၃ ခု ကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ဖက်ခြမ်း၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အကောင်ထည်ဖေါ်ခဲ့သည်။

**မိုင်းနှင့် စစ်အတွင်းကြွင်းကျန်ရစ်သော ပေါက်ကွဲစေသော ပစ္စည်းများဆိုင်ရာ လုပ်ငန်းများဆောင်ရွက်သူများ [120]**

| တည်နေရာ | ပြည်တွင်းဆောင်ရွက်သူ | နိုင်ငံတကာဆောင်ရွက်သူ |
|---|---|---|
| **ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း** | နိုင်ငံတွင်းအိုးအိမ်မဲ့ကရင်ပြည်သူရေးရာကော်မတီ နှင့် ကရင်ကျောင်းဆရာ/မ များအလုပ်အဖွဲ့ မြန်မာနိုင်ငံရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသူများအသင်း ကရင်ဖွံ့ဖြိုးရေးကွန်ရက် | DCA, HI, Johanniter International Assistance (JOIN) |
| **ကချင်ပြည်နယ်** | | DRC, MAG, DCA |
| **ကယားပြည်နယ်** | ကရင်နီလူမှုဖူလုံရေးနှင့် ဖွံ့ဖြိုးရေးဌာန နှင့် ဒေသခံဖွံ့ဖြိုးရေး ကွန်ယက်၊ ပညာရေး၊ စီမံကိန်းနှင့် သင်တန်းဌာန | DCA-Norwegian Church Aid (NCA), Danish Refugee Council (DRC), နှင့် MAG |
| **ကရင်ပြည်နယ်** | နိုင်ငံတွင်းအိုးအိမ်မဲ့ကရင်ပြည်သူရေးရာကော်မတီ နှင့် ကရင်ကျောင်းဆရာ/မ များအလုပ်အဖွဲ့ | DCA, DCA-NCA, HI, MAG, and HALO |

[117] Email from Pascal Simon, Programme Manager, DDG, 8 August 2018.

[118] Email from Samuel Fricker, Programme Manager, HALO Trust, 9 July 2018.

[119] Email from Kyaw Lin Htut, Programme Manager, NPA, 17 August 2018.

[120] MIMU, "Myanmar, Who/What/Where, Mine Action," 27 August 2018.

| | | |
|---|---|---|
| | မြန်မာနိုင်ငံရုပ်ပိုင်းဆိုင်ရာမသန်စွမ်းသူများအသင်း<br>ကရင်ဖွံ့ဖြိုးရေးကွန်ရက်<br>ကရင်သဘာဝပတ်ဝန်းကျင်နှင့်လူမှုရေးလှုပ်ရှားမှုကွန်ရက် | |
| **မွန်ပြည်နယ်** | နိုင်ငံတွင်းအိုးအိမ်မဲ့ကရင်ပြည်သူရေးရာကော်မတီ နှင့် ကရင်ကျောင်းဆရာ/မ များအလုပ်အဖွဲ့<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | DCA |
| **မြောက်ပိုင်း ရှမ်းပြည်နယ်** | ရှမ်းပြည်နယ်လူငယ်စွမ်းရည်တည်ဆောက်ရေးဌာန<br>မဆုံးတော့သည့်မနက်ဖန်<br>တအာင်းကျောင်းသားများနှင့်လူငယ်အစည်းအရုံး<br>ကချင်နှစ်ခြင်း အသင်းတော်၊ ဝမ်ပေါင်နင်ထိုဂြ | HALO, DRC, DCA-NCA, နှင့် MAG |
| **တောင်ပိုင်းရှမ်းပြည်နယ်** | | MAG and DCA |
| **တန်သာရီ တိုင်းဒေသကြီး** | ကရင်ကျောင်းဆရာ/မ များအလုပ်အဖွဲ့၊<br>ကရင်ကျန်းမာရေးနှင့် လူမှုရေးဌာန | DCA, DCA-NCA, and MAG |

ထို့အပြင် UNICEF နှင့် UNHCR သည် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊မွန် နှင့် ရှမ်းပြည်နယ် နှင့် ပဲခူးတိုင်းဒေသကြီး အရှေ့ဖက်ခြမ်းများတွင် အန္တရာယ်လျော့ပါးရေးပညာပေးလုပ်ငန်းများကို ထောက်ပံ့ခဲ့သည်။[121]ထို့အပြင် ICRC က လေ့ကျင့်ပေးထားသော အမျိုးသားလူမှုအသိုင်းအဝန်းအဖွဲ့သည်လည်း အန္တရာယ်လျော့ပါးရေး ပညာပေးမှုများ ဆောင်ရွက်သည်။[122]

*The Monitor သည် မိုင်းအရေးဆောင်ရွက်မှု ပြန်လည်သုံးသပ်ခြင်း အဖွဲ့ ၏ ပံ့ပိုးကူညီပေးမှုများကို အသိအမှတ်ပြုပါသည်။ ၎င်းအဖွဲ့သည် ၂၀၁၈ ခုနှစ်အတွင်း မိုင်းအရေးသုတေသန အဓိက ဆောင်ရွက်ပေးခဲ့သော အဖွဲ့ဖြစ်ပြီး ၎င်း၏ နိုင်ငံအဆင့် မြေမြှုပ်မိုင်းအစီရင်ခံစာများ (၂၀၁၈ ခုနှစ် မိုင်းရှင်းလင်းခြင်း အစီရင်ခံစာမှ) နှင့် နိုင်ငံအဆင့် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ အစီရင်ခံစာများ (၂၀၁၈ ခုနှစ်အတွင်း ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်း အကြွင်းအကျန်များ ရှင်းလင်းခြင်း အစီရင်ခံစာမှ) အားလုံးကိုလည်း မျှဝေပေးခဲ့ပါသည်။ The Monitor သည် အင်တာနက်ပေါ်တွင် ဖော်ပြထားသော တွေ့ရှိချက်များနှင့် ယခုစာစောင်တွင် ဖော်ပြသော တွေ့ရှိချက်များအားလုံးအတွက် တာဝန်ရှိသော အဖွဲ့အစည်းဖြစ်ပါသည်။*

**မိုင်းအရေးဆောင်ရွက်မှု အထောက်အပံ့များ**

၂၀၁၇ ခုနှစ်တွင် အလှူရှင် ၇ နိုင်ငံက မြန်မာနိုင်ငံကို မိုင်းအရေးဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၆.၂ သန်း ထည့်ဝင်ခဲ့သဖြင့် ၂၀၁၆ ခုနှစ်တွင် ရရှိခဲ့သော အထောက်အပံ့နှင့် ထပ်တူနီးပါး ဖြစ်သည်။[123]

ဆွစ်ဇာလန်နိုင်ငံသည် အများဆုံးထည့်ဝင်သော နိုင်ငံဖြစ်ပြီး စုစုပေါင်း ဒေါ်လာ ၃ သန်း ရှိသဖြင့် စုစုပေါင်လှူဒါန်းငွေ၏ ထက်ဝက်ဖြစ်သည်။

---

[121] Ibid.

122 ICRC, "Annual Report 2016," p. 328.

123 ဘယ်လဂျီယမ်၊ Belgium, Mine Ban Treaty Article 7 Report, Form J, ဧပြီ ၃၀၊ ၂၀၁၇။ ဂျာမဏီ, Convention on Conventional Weapons (CCW) Amended Protocol II Annual Report, Form E, and Annex, ၃၁ မတ် ၂၀၁၇; အိုင်ယာလန်, CCW Amended Protocol II Annual Report, Form E, and Annex 1, ၃၀ မတ် ၂၀၁၇။ ဆွစ်ဇာလန်, Convention on Cluster Munitions Article 7 Report, Form I, ၂၈ ဧပြီ ၂၀၁၇။ အင်္ဂလန်, Mine Ban Treaty Article 7 Report, Form J, ဧပြီ ၃၀၊ ၂၀၁၇; Monitor ၏ မေးခွန်းများကို Frank Meeussen မှ ဖြေဆိုခြင်း။ Disarmament, Non-Proliferation and Arms Export Control, European External Action Service, ၃၀ စက်တင်ဘာ ၂၀၁၇; နှင့် Ingrid Schoyen မှ အီးမေး, Senior Adviser, Section for Humanitarian Affairs, Norway Ministry of Foreign Affairs, ၃၁ မေ ၂၀၁၇။

၂၀၁၇ ခုနှစ်အတွင်း နိုင်ငံတကာမှ ထည့်ဝင်မှုများသည် နည်းပညာမပါသော အလွတ်သဘော စစ်တမ်းကောက်ယူခြင်း၊ အန္တရာယ်လျော့ချရေးပညာပေးခြင်း သို့မဟုတ် ICRC နှင့် တခြားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တဆင့် ထိခိုက်နစ်နာသူများအတွက် အကူအညီပေးသော လုပ်ငန်းများအတွက် ဖြစ်ခဲ့သည်။

**၂၀၁၇ ခုနှစ်အတွင်း နိုင်ငံတကာအထောက်အပံ့များ**[124]

| အလှူရှင် | ကဏ္ဍ | ပမာဏ (သက်ဆိုင်ရာနိုင်ငံများ၏ငွေကြေး) | ပမာဏ ($) |
|---|---|---|---|
| **ဆွစ်ဇာလန်** | အန္တရာယ်လျော့ချရေးပညာပေးခြင်း နှင့် မိုင်းသင့်ဒဏ်အကူအညီ | CHF3,199,880 | 3,145,875 |
| **အင်္ဂလန်** | အန္တရာယ်လျော့ချရေးပညာပေးခြင်း | £661,651 | 852,868 |
| **ဂျာမဏီ** | မိုင်းသင့်ဒဏ်အကူအညီ | €728,965 | 823,803 |
| **နယူးဇီလန်** | မိုင်းသင့်ဒဏ်အကူအညီ | NZ$750,000 | 533,325 |
| **နော်ဝေ** | မိုင်းရှင်းလင်းခြင်း နှင့်အန္တရာယ်လျော့ချရေးပညာပေးခြင်း | NOK4,372,000 | 528,792 |
| **ဒိန်းမတ်** | အကူအညီအမျိုးအစားအစုံ | DKK1,578,947 | 239,390 |
| **ဘယ်လ်ဂျီယမ်** | မိုင်းရှင်းလင်းခြင်း | €90,000 | 101,709 |
| **စုစုပေါင်း** | | | **6,225,762** |

၂၀၁၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံသို့ပေးသော နိုင်ငံတကာအကူအညီများသည် နှစ်ဆနီးပါးဖြစ်လာပြီး၊ စုစုပေါင်း ဒေါ်လာ ၂၅ သန်းကျော်ရှိသည်။

**နိုင်ငံတကာ အကူအညီပေးမှုများ အကူအညီပေးမှု အကျဉ်းချုပ် - ၂၀၁၂ မှ ၂၀၁၆ အထိ** [125]

| နှစ် | **နိုင်ငံတကာအကူအညီများ ($)** |
|---|---:|
| ၂၀၁၇ | 6,225,762 |
| ၂၀၁၆ | 6,525,640 |
| ၂၀၁၅ | 6,240,315 |
| ၂၀၁၄ | 3,386,230 |
| ၂၀၁၃ | 3,243,976 |
| **စုစုပေါင်း** | **25,621,923** |

[124] Average exchange rate for 2017: €1=US$1.1301; DKK6.5957=US$1; NZ$1=0.7111; NOK8.2679=US$1; £1=US$1.2890; CHF0.9842=US$1. US Federal Reserve, "List of Exchange Rates (Annual)," 11 January 2018.

[125] See previous Monitor reports. Totals for support between 2013–2016 have been rectified as a result of revised European Union funding data.

## ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ

**အကျဉ်းချုပ်။**သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခြင်းမရှိသေးသော မြန်မာနိုင်ငံသည် ထပ်ဆင့် ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများ၏ လူသားချင်းစာနာသော ဆိုးကျိုးသက်ရောက် မှုများ ရှိခြင်းကို အသိအမှတ်ပြုခဲ့သည်။ သို့သော် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံက အနာဂါတွင် စာချုပ်တွင် ပါဝင်လာနိုင်ရန် ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်နေသည်ဟု ပြောဆိုခဲ့သည်။ ၂၀၁၃ခုနှစ်တွင် ကျင်းပခဲ့သော သဘောတူစာချုပ်အစည်းအဝေးသို့မြန်မာနိုင်ငံသည် သည် နောက်ဆုံးအကြိမ် အဖြစ် တက်ရောက်ခဲ့သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် သဘောတူညီချက်ဆိုင်ရာ UN ဆုံးဖြတ်ချက်တွင် မဲမပေး ကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။

ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်းများကို အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း သို့မဟုတ် လက်လွှဲ ပြောင်းခြင်း မရှိဟု မြန်မာနိုင်ငံက ထုတ်ဖော်ပြောဆိုသည်။ သို့သော် ၂၀၁၂ ခုနှစ်နှောင်းပိုင်းနှင့် ၂၀၁၃ ခုနှစ် အစောပိုင်းတွင် ခေတ်မှီ ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်းနှင့် ပုံစံတူသည့် "ထပ်ဆင့်ပေါက်ကွဲ ပုံစံတူ" စစ်လက်နက်ကို ကချင်ပြည်နယ်တွင် အသုံးပြုခဲ့ကြောင်း စွပ်စွဲ ပြောဆိုမှုများ ရှိခဲ့သည်။

## မူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သည် ထပ်ဆင့်ပေါက်ကွဲလက်နက်ပစ္စည်းများ အသုံးပြုမှုပိတ်ပင် တားမြစ်ခြင်း ဆိုင်ရာ သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံတခု မဟုတ်ပေ။ [126]

၂၀၁၇ ခုနှစ် အောက်တိုဘာလ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် မြန်မာနိုင်ငံက အနာဂါတွင် စာချုပ်တွင် ပါဝင်လာနိုင်ရန် ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်နေသည်ဟု ပြောဆိုခဲ့ပြီး "မူအရ မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ ဆိုင်ရာသဘောတူညီချက်ပါ အချက်များကို ထောက်ခံပါကြောင်းပြောဆိုခဲ့သည်။ ထပ်ဆင့်ပေါက်ကွဲ စေသော လက်နက်ပစ္စည်းအား " အထိန်းအကွပ်မရှိ နေရာအနှံ့ သတ်ရောက်စေသော လက်နက်များ .......လူသားချင်းစာနာသော နောက်ဆက်တွဲ အကျိုး သတ်ရောက်မှုများ ဖြစ်စေနိုင်သော လက်နက်များကို ကာကွယ်ဟန့်တားဆောင်ရွက်မှု အဖြစ် မြန်မာနိုင်ငံက အသိအမှတ်ပြုပါကြောင်း။" ဟု မြန်မာနိုင်ငံက ထုတ်ဖော်ပြောဆိုခဲ့သည်။"[127]

၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံက "တနိုင်ငံလုံးတွင် ငြိမ်းချမ်းရေးသဘောတူစာချုပ်" အကောင်အထည် ဖေါ်ပြီးသည့် နောက်တွင် သဘောတူစာချုပ်ကို လက်မှတ်ထိုးရန် ထည့်သွင်းစဉ်းစားမည်ဟု ယခင်က ပြောဆိုခဲ့ သည်။ [128]

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုမှုပိတ်ပင် တားမြစ်ခြင်း ဆိုင်ရာ သဘောတူစာချုပ် (ကျင်းခေါ်၊ လာအို ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အောက်တိုဘာ ၂၀၀၈) ဖြစ်လာစေသော အော်စလိုအစည်းအဝေး (Oslo Process) ၏ ဒေသဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီမြို့တွင် ကျင်းပသော ဒေသဆိုင်ရာ အစည်းအဝေးသို့လည်း တက်ရောက် ခဲ့သည်။

၂၀၁၀ နှင့် ၂၀၁၂ ခုနှစ် အဖွဲ့ဝင်နိုင်ငံများ၏ နှစ်ပတ်လည်ပုံမှန် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၂၀၁၃ ခုနှစ် တွင် ကျင်းပသော သဘောတူစာချုပ်ပါ ကမ္ဘာ့စုံအစည်းအဝေးသို့ တကြိမ် တက်ရောက်ခဲ့သည်။၂၀၁၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် သဘောတူစာချုပ်ပါ အစည်းအဝေးများသို့ တက်ရောက်ခြင်း မရှိတော့ပေ။

---

[126] စစ်အစိုးရသည် Burma မှ Myanmar သို့ ၁၉၈၉ ခုနှစ်တွင် ပြောင်းလဲခေါ်ဝေါ်ခဲ့သည်။ သို့သော် တိုင်းရင်းသားအများစု နှင့် နိုင်ငံအများစုက Burma ဟူသော အမည်ကိုသာ ပိုနှစ်သက်ကြသည်။

[127] Myanmar, Explanation of Vote on Resolution L.41, 72nd Session, UNGA First Committee, New York, 31 October 2017, UNGA, Official Records, A/C.1/72/PV26, pp. 18–19/29.

[128] Statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 15 October 2015. In 2013, Myanmar expressed concern at the humanitarian impact of cluster munitions but did not elaborate its position on accession. Statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 30 October 2013; and statement of Myanmar, UNGA First Committee on Disarmament and International Security, New York, 24 October 2012.

၂၀၁၇ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသည် အထွေထွေညီလာခံ ဆုံးဖြတ်ချက်တစ်ခုဖြစ်သော ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ သဘောတူစာချုပ် ပြင်ပ အဖွဲ့ဝင်နိုင်ငံများကို "အမြန်ဆုံးပါဝင်ကြရန်" အကြံပြုထားသော ဆုံးဖြတ်ချက် အတွက် မဲမပေးကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။[129] ၂၀၁၅ ခုနှစ် နှင့် ၂၀၁၆ ခုနှစ်တွင် သဘောတူစာချုပ်ကို မြှင့်တင်သော ယခင်ဆုံးဖြတ်ချက်များ မဲပေးခြင်းတွင်လည်း မဲမပေးကြားနေနိုင်ငံအဖြစ် ရပ်တည်ခဲ့သည်။

**ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ လွှဲပြောင်းခြင်းနှင့် သိုလှောင်ခြင်း**

၂၀၀၉ ခုနှစ်နိုဝင်ဘာလတွင် မြန်မာနိုင်ငံသည် ဒေသဆိုင်ရာအစည်းအဝေးတစ်ခုတွင်ဤသို့ ပြောဆို ခဲ့သည်။ "မိမိတို့ သည် ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းများ၊ ဖွံ့ဖြိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ရယူခြင်း၊ ထိန်းသိမ်းခြင်း၊ တခြားသူတစ်ဦးထံ တိုက်ရိုက်သို့မဟုတ် သွဲ့ဝိုက်၍ လွှဲပြောင်းခြင်း၊ သို့မဟုတ် ကူညီခြင်း၊ ဤ သဘောတူညီချက်အရ တားမြစ်ထားသော လုပ်ငန်းများကို တခြားတဦးဦးအား လုပ်ဆောင်ရန် အားပေးခြင်း၊ ဆွဲဆောင်ခြင်းများ မပြုလုပ်ပါ။" [130] ထပ်ဆင့်ပေါက်ကွဲစေသော လက်နက်ပစ္စည်းအား " အထိန်းအကွပ်မရှိ နေရာ အနှံ့ သတ်ရောက် စေသော လက်နက်များ …….လူသားချင်းစာနာသော နောက်ဆက်တွဲ အကျိုး သတ်ရောက်မှုများ ဖြစ်စေနိုင်သော လက်နက်များ။" ဟု မြန်မာနိုင်ငံက ပြစ်တင် ဝေဖန်ခဲ့သည်[131]

၂၀၁၅ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံများကို ၎င်းသည် လက်နက်ကိုင်ပဋိပက္ခ၏ လိုက်နာရ မည့်ဥပဒေနှင့် အခြေခံစည်းမျဉ်းများကို လိုက်နာကြောင်း တင်ပြခဲ့သည်။ "မိမိတို့၏ လက်နက်ကိုင် တပ်ဖွဲ့များသည် စစ်ဆင်ရေးများတွင် တိတိကျကျလိုက်နာကြသည်။ ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက် ပစ္စည်းများကို မည်သည့် စစ်ဆင်ရေးတွင်မှ အသုံးပြုခဲ့ခြင်းမရှိပေ။" [132]

မြန်မာနိုင်ငံသည် ၁၂၂ မီလီမီတာ အမျိုးအစား ၈၁ နှင့် ၉၀ ဘီ အမျိုးအစား နှင့် မြေပြင်မှ မြေပြင်ပစ် ၂၄၀ မမ ရော့ကက်လောင်ချာတို့ ပိုင်ဆိုင်သည်။ သို့သော် ၎င်းကျည်များတွင် ထပ်ဆင့်ပေါက်ကွဲ ပုံစံများ ပါမပါတော့ မသိနိုင်ပေ။ [133]

***ယခင်ကာလ စွပ်စွဲပြောဆိုမှုများ***

မြန်မာနိုင်ငံသည် ထပ်ဆင့်ပေါက်ကွဲလက်နက် "Cluster adapter" တစ်ခု လက်ဝယ်ရရှိခဲ့ပြီး၂၀၁၂ ခုနှစ် နှောင်းပိုင်းနှင့် ၂၀၁၃ ခုနှစ် အစောပိုင်း မြောက်ပိုင်းဒေသ ကချင်လွတ်လပ်ရေးတပ်မတော်နှင့် တပ်မတော် တိုက်ပွဲများ တွင် အသုံးပြုခဲ့သည်ဟု ပြောဆိုမှုများရှိခဲ့သည်။ [134] ဂန်းဒုံရမ်တွင် တပ်ဆွဲထားသော အစိုးရတပ်ဖွဲ့များသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ တွင် ကချင်ပြည် တောင်ဖက်ခြမ်း လိုင်ဇာအနောက်ဖက် ၅ မိုင်အကွာတွင် ရှိသော မဟာဗျူဟာအရ အရေးပါသည့် ခါယာဘန် တောင်ကုန်း တိုက်ခိုက်မှုတွင် KIA တပ်ဖွဲ့များအား ထပ်ဆင့်ပေါက်ကွဲ လက်နက်များနှင့် တိုက်ခိုက်ခဲ့သည်ဟု KIA က အခိုင်အမာ ပြောဆိုခဲ့သည်။ [135]

HRW သည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာ နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် အစိုးရတပ်များက လိုင်ဇာကို လေကြောင်း တိုက်ခိုက်မှု လုပ်ခဲ့ကြောင်း အတည်ပြုခဲ့သည်။[136] အလားတူပုံးအစများကို တိုက်ပွဲဖြစ်သည့်နေရာမဟုတ်သော နေရာတခုသို့ ကားဖြင့်သယ်ဆောင် သွားသည့် ဓါတ်ပုံများကို လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) က လက်ခံရရှိခဲ့သည်။[137] ဓါတ်ပုံတွင်

---

[129] "Implementation of the Convention on Cluster Munitions," UNGA Resolution 72/54, 4 December 2017.

[130] ဦးရဲမင်းသိန်း၏ ပြောဆိုချက်။ လက်ထောက်ဒါရိုက်တာ။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် စီးပွားရေးဌာန။ နိုင်ငံခြားရေးဝန်ကြီးဌာန။ Regional Conference on Promotion and Universalization of Convention on Cluster Munitions.ဘာလီ။ နိုဝင်ဘာ ၁၆ ၂၀၀၉ ။

[131] Ibid.

[132] မြန်မာနိုင်ငံဆိုင်ရာထုတ်ပြန်ချက်။ လက်နက်ဖြုတ်သိမ်းရေးနှင့် နိုင်ငံတကာလုံခြုံရေးဆိုင်ရာ UNGA ပထမကော်မတီ အစည်းအဝေး။ နယူးယောက်။ ၁၅ အောက်တိုဘာ ၂၀၁၅။

[133] ""မြန်မာနိုင်ငံကာကွယ်ရေးလက်နက်များ။၂၀ မတ်လ ၂၀၁၄။ လှဦး၏ မြန်မာ့တပ်မတော်၏MRLSသို့မဟုတ်ရော့ကက်မျိုးစုံပစ်နိုင်သောစနစ်ကို အင်္ဂလိပ်လို ဘာသာပြန်ဆိုမှု။ ၂၃၊မတ် ၂၀၁၄။

[134] မြန်မာအစိုးရစစ်တပ်သည် ဖြန့်ထွက်ဗုံးခြောက်လုံးတပ်ဆင်ခဲ့ပြီး လေယာဉ်ပေါ်မှ ကြဲချသည့်အချိန်တွင် ဗုံးချိတ်တွဲမှ သီးခြားခွဲထွက်သည်ဟူသော သက်သေများ ရှိသည်။

[135] "လိုင်ဇာအနီး KIO အဓိကစခန်းအား သိမ်းယူရန် အစိုးရစစ်တပ်သည် ထပ်ဆင့်ကွဲဗုံးများ အသုံးပြုခဲ့သည်။ ကချင်သတင်းအဖွဲ့။ ၂၆ ဇန် ၂၀၁၃။

[136] HRW သည် ၂၀၁၃ ခုနှစ် ဇန် ၁၄ ရက်နေ့ လိုင်ဇာတိုက်ခိုက်မှုကို မှတ်တမ်းတင်ခဲ့သည်။ အရပ်သား ၃ ဦး သေဆုံးခဲ့သည်။ HRW သတင်း ထုတ်ပြန်ချက်။ "မြန်မာနိုင်ငံ၊ ကချင်ပြည်နယ်အတွင်း မဆင်မခြင် တိုက်ခိုက်မှုများ" ၁၇ ဇန် ၂၀၁၃။

[137] ဘာတေးလင့်တနာထံမှ အီးမေး၊၂၅ မတ် ၂၀၁၃

မြင်တွေ့ရသည့် ‘‘ထပ်ဆင့်ပေါက်ကွဲပုံစံတူ’’ နှင့် ပေါင် ၂၀ လေးသော ဖြန့်ထွက် ဗုံး များသည် ထပ်ဆင့်ပေါက်ကွဲစေသော စစ်လက်နက်ပစ္စည်းများ ထိန်းချုပ်ခြင်း သဘောတူစာချုပ်ပါ ထပ်ဆင့်ပေါက်ကွဲ စစ်လက်နက်ပစ္စည်း ဖွင့်ဆိုချက်တွင် အကျုံးဝင်သည်။ [138]

138 ဓါတ်ပုံတွင်မြင်တွေ့ရသော ဗုံးချိတ်တံများသည် အမေရိကန်ထုတ် M1တပ်ဆင့်ပေါက်ကွဲလက်နက်နှင့်ဆင်တူသည်။ ဖြန့်ထွက်ဗုံး အသေးများသည် ခေါတ်မှီပုံစံများဖြစ်ပြီး ဒုတိယကမ္ဘာစစ်သုံစစ်လက်နက်ပစ္စည်များကပိုကောင်းသည်။အမည်မဖေါ်လိုသူစစ်သားတဦးက ၎င်းလက်နက်ကိုမြန်မာပြည်တွင်ထုတ်သည်ဟု အတည်ပြုသည်။ ထို့အပြင် မြန်မာ့တပ်မတော်သည် ၎င်းလက်နက်များ သုံးသည်ဟူ လည်းစစ်လက်နက်ပစ္စည်းထုတ်လုပ်ရေးအရာရှိဟောင်းတဦးက အတည်ပြုခဲ့သည်။။